ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday 19 November 2019 ၉၈၃၈

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

## Universal Peace Federation (UPF) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**ဖနောင်ပင် နိုဝင်ဘာ ၁၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

### လိုက်ပါသွား

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

### ရောက်ရှိ

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ထိုမှ တစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံး ဒုတိယဝန်ကြီး Mr. Hem Kranhtony၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Universal Peace Federation (UPF) ဥက္ကဋ္ဌ Dr. Thomas G. Walsh အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

AA အဖွဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းနှင့်တကွ ဝန်ထမ်းများ၊ အရပ်သားများကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး စာမျက်နှာ » ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကျင်းပ စာမျက်နှာ » ၅

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၈

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## လူမှုစီးပွားဖွံ့ဖြိုးရေးကို ဦးတည်

ပြည်သူ့အစိုးရ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကတည်းက ဦးစားပေးရည်မှန်းချက်ပန်းတိုင် သုံးရပ်ရှိသည်။ ထိုသုံးရပ်မှာ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ဖြစ်သည်။

အဆိုပါ အချက်သုံးချက်သည် တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စပ်နေသည့် ပြည်သူတို့၏ပကတိ လိုအပ်ချက်များဖြစ်သည်။ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်မှ လူမှု-စီးပွားဘဝ တိုးတက်မြင့်မား၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မှ ပြည်တွင်းငြိမ်းချမ်းရေးရရှိ၊ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး လုပ်ဆောင်ပေးနိုင်မှ ပြည်တွင်းငြိမ်းချမ်းရေးခိုင်မြဲ၊ ပြည်တွင်းငြိမ်းချမ်းရေးခိုင်မြဲမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မည်ဖြစ်ပြီး ထိုအရေးများအားလုံးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်ဖြစ်သည်။

လက်ရှိ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးသည် ပထမဦးစားပေးအရေးကြီးလုပ်ငန်းဖြစ်သည်။ ထိုအရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှ တည်ငြိမ်အေးချမ်းမှုရှိပြီး တည်ငြိမ်အေးချမ်းမှသာ ဒေသများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့အပိုင်းတို့၌ စိန်ခေါ်မှုများ ရှိနေသေးသည်။

စိန်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ တိုင်းရင်းသားပြည်သူများ၏ လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မျက်ခြည်မပြတ်ရေးရှု ဆောင်ရွက်ခြင်းအားဖြင့် မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်နှင့် နီးစပ်နိုင်မည်။ နိုဝင်ဘာလ ၁၅ ရက်နေ့က ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွင့်ပွဲနှင့် စီးပွားရေးနှီးနှောဖလှယ်ပွဲတွင် "တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စည်းလုံးညီညွတ်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည်" ဟု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးနိုင်သဖြင့် တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလက တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပခဲ့ရာ ဖိုရမ်အရ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့သည်။ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးနှီးနှောဖလှယ်ပွဲများ ကျင်းပလျက်ရှိရာ ကချင်ပြည်နယ်တွင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ ရှင်သန်နိုးထလာမည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။ ထို့ကြောင့် မိမိတို့ဒေသ၏တန်ဖိုးရှိသည့် သဘာဝပတ်ဝန်းကျင်ကို မိမိတို့ကိုယ်တိုင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အညီအမျှ ခွဲဝေသုံးစွဲပြီး မိမိတို့ဒေသ ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးအောင် တစ်ပြိုင်တည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဖြစ်တည်ရေးကို မြော်တွေးလျက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အခိုင်အမာတည်ဆောက်၍ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သည့် တိုင်းရင်းသားပြည်သူများ လူမှု-စီးပွားဘဝ မြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ၁၀ မှု၊ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်)တစ်မှု၊ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)လေးမှု စီရင်ချက်ချ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ၁၀ မှု၊ ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု တစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်း ကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၄,၇၂၅ | ၅၆,၇၀၀,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၈၀၀ | ၇,၁၅၇ | ၂၇,၅၂၁,၉၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၅၀၃ | ၁၁,၃၁၉,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁၅၆ | ၄၆၈, ၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၁၈၀၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၉၀ ကျပ် | ၉၂၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၀/၈၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၇.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၂၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၁၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၁၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၂၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၁.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၁၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၄.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Sokha Phnom Penh Hotel သို့ ရောက်ရှိကြသည်။

**လက်ခံတွေ့ဆုံ**

ယင်းနောက် ဒုတိယသမ္မတသည် Universal Peace Federation (UPF) ဥက္ကဋ္ဌ Dr. Thomas G. Walsh အား ခေတ္တတည်းခိုသည့် Sokha Phnom Penh Hotel ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် Universal Peace Federation နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် ဒေါက်တာအရှင်သောဘိတ ကြွရောက်တော်မူပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံး ဒုတိယဝန်ကြီး Mr. Hem Kranhtony၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။

# အရေးကြီးအဆိုအား အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ်(၄/၂၀၁၉)
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)
ပြည်ထောင်စုလွှတ်တော်၏ ကြေညာချက်အမှတ် (၄/၂၀၁၉)

၁။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက **"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် အဓိကကျသည့် ဥပဒေပြုရေးအာဏာတည်ရှိရာဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ကိုယ်စားလှယ်အဖြစ် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းအား (၃-၁၁-၂၀၁၉) ရက်နေ့တွင် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတက်ရောက်ရန် လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) က အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်ထားခြင်းသည် နိုင်ငံတော်ကဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့အပြင် ပြည်သူလူထုဆန္ဒနှင့် ကိုယ်စားပြုမှုအပေါ် တိုက်ရိုက်ဆန့်ကျင် အကြမ်းဖက်ခြင်းဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် ယခုကဲ့သို့ ဦးဝှေ့တင်းနှင့်တကွ ဝန်ထမ်းများ၊ အရပ်သားများကို ဖမ်းဆီးထားခြင်းမှ လုံခြုံစိတ်ချ အန္တရာယ်ကင်းရှင်းစွာ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်တောင်းဆိုကြောင်း"** အရေးကြီးအဆိုကို တင်သွင်းခဲ့ပါသည်။

၂။ အထက်ပါ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၈ ဦးတို့က ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာ အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မြဲရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# AA အဖွဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေ့တင်းနှင့်တကွ ဝန်ထမ်းများ၊ အရပ်သားများကို အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**
ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရိယာတိုးချဲ့ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း** တို့ကိုတင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **Convention on Limitation of Liability for Maritime Claims, 1976 (LLMC 1976) နှင့် Protocol of 1996 to amend the Convention on Limitation of Liability for Maritime Claims, 1976 (LLMC PROT 1996) တို့တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ထောက်ခံဆွေးနွေး**

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက** အဆိုပါ Convention နှင့်ပတ်သက်၍ လက်မှတ်ရေးထိုးမည်ဆိုပါက လျော်ကြေးပေးဆောင်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာသင်္ဘောပိုင်ရှင်များ အနေဖြင့် ကန့်သတ်ချက်များအား ခံစားနိုင်ခွင့်ရှိပါကြောင်း၊ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်မှုမရှိပါကလည်း နိုင်ငံတကာမှကန့်သတ်ချက်များကို မရရှိနိုင်ပါကြောင်း၊ ထို့ပြင် ယခု Convention ကို လက်မှတ်ရေးထိုးပြီးပါက မိမိတို့နိုင်ငံနှင့်ပတ်သက်သည့် ဥပဒေနှင့် နည်းဥပဒေများကို ဆက်လက်ရေးဆွဲရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက** ယင်း Convention ကို လက်မှတ်ရေးထိုးခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပစ္စည်း သို့မဟုတ် ပစ္စည်းများနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများရှိလာပါက သင်္ဘောပိုင်ရှင်များ၏ တာဝန်ရှိမှုကို နိုင်ငံတကာဥပဒေများနှင့်အညီ ကန့်သတ်တောင်းဆိုနိုင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က သဘောတူသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**တာဝန်ခံမှုရှိလာမည်**

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **International Convention for the Unification of Certain Rules of Law Relating to Bills of Lading (“Hague Rules”) Hague Visby Rules နှင့် SDR Protocol တို့တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက** ယခု Convention ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုပြုလုပ်ရာတွင် သယ်ယူပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်သူတို့အကြားတွင် တာဝန်ခံမှုရှိလာမည့်အပြင်နှင့် အာမခံလျော်ကြေးပေးရာတွင် အထောက်အကူဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် International Convention for the Unification of Certain Rules of Law Relating to Bills of Lading (“Hague Rules”) Hague Visby Rules နှင့် SDR Protocol တို့တွင် ပါဝင်လက်မှတ်ထိုးနိုင်ရန်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက ယင်းတို့ကို ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် ပတ်သက်သော စာရွက်စာတမ်းများ ပိုမိုခိုင်မာပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ နစ်နာမှုရှိနိုင်သည်များကို ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများအပြင် ရပိုင်ခွင့်နှင့် ခံစားခွင့်များကို နိုင်ငံတကာဥပဒေများနှင့်အညီ လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုချက်များအပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**အမြန်ဆုံး ပြန်လည်လွှတ်ပေးပါရန် တောင်းဆို**

ယင်းနောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး တင်သွင်းသည့် **နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် အဓိကကျသည့် ဥပဒေပြုရေးအာဏာတည်ရှိရာဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်အဖြစ် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေ့တင်းအား ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တက်ရောက်ရန် လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) က အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့အပြင် ပြည်သူလူထုဆန္ဒနှင့် ကိုယ်စားပြုမှုအပေါ် တိုက်ရိုက်ဆန့်ကျင် အကြမ်းဖက်ခြင်းဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် ယခုကဲ့သို့ ဦးဖေ့တင်းနှင့်တကွ ဝန်ထမ်းများ၊ အရပ်သားများကို ဖမ်းဆီးထားခြင်းမှ လုံခြုံစိတ်ချအန္တရာယ်ကင်းရှင်းစွာ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးပါရန် တောင်းဆိုကြောင်း အရေးကြီးအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အရေးကြီးအဆိုကို ထောက်ခံဆွေးနွေး**

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက** လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူပြည်သားတစ်ဦးဦးကို လက်နက်အားကိုးဖြင့် အကြောင်းမဲ့ဖမ်းဆီးထားခြင်းသည် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်တစ်ခုသာဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ရှိသည့်လွှတ်တော်ပါလီမန်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး၊ ကင်းလွတ်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းကာကွယ်ထားပါကြောင်း၊ ထို့ကြောင့် ပြည်သူများအတွက် တာဝန်ထမ်းဆောင်နေပြီး ပြည်သူများ ရွေးကောက်တာဝန်ပေးထားသည့် ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေ့တင်းကို တရားမဲ့ဖမ်းဆီးထားခြင်းမှ ပြန်လည်လွှတ်ပေးရန် အောင်မြေသာစံမြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းသည့် အရေးကြီးအဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်းက ဦးဖေ့တင်းသည် ပြည်သူက ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ပြည်သူတစ်ရပ်လုံးကို မလေးစားရာရောက်သကဲ့သို့ ချင်းပြည်သူတစ်ရပ်လုံးကို မလေးစားရာရောက်ပါကြောင်း၊ ယခုကဲ့သို့ လုပ်ရပ်များကြောင့်သာ ရှေးယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် ချင်းလူမျိုးနှင့် ရခိုင်လူမျိုးများအကြားတွင် အထင်အမြင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ပဋိပက္ခကို မွေးဖွားပေးသကဲ့သို့ ဖြစ်လာမည်ဖြစ်သောကြောင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) အနေဖြင့် ယခုကဲ့သို့ လုပ်ရပ်မျိုးကို ရှောင်ရှားပြီး ဦးဖေ့တင်းနှင့် အပြစ်မဲ့ပြည်သူများကို အမြန်ဆုံး လွှတ်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် ဒီမိုကရေစီစနစ်ကို ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့တာဝန်ကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ကို ဟန့်တားခြင်းဖြစ်သည့်အတွက် ရှုတ်ချပါကြောင်း၊ ထို့ကြောင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခေါ်) စိုင်းထွန်းအေးက မိမိတို့လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ အစိုးရကိုစောင့်ကြည့်ထိန်းညှိခြင်း စသည့် ထိရောက်မှုရှိသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း၊ အလားတူ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ပြည်သူလူထု၏ လိုအပ်ချက်များ၊ နစ်နာမှုများ၊ ဖိနှိပ်ခံရမှုများ၊ မလွတ်လပ်မှုများကို ကာကွယ်စောင့်ရှောက်ပေးနေသည့်အပြင် ပြည်သူ၏ လိုအင်ဆန္ဒများကို ဖော်ထုတ်ပေးနေသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း။

**တွေ့ဆုံဆွေးနွေးအဖြေရှာ**

လွှတ်တော်ကိုယ်စားလှယ်အပါအဝင် အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးနေခြင်းသည် လျော်ကန်သည့် လုပ်ရပ်မဟုတ်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါကြောင်း၊ မိမိတို့၏ အမျိုးသားရည်မှန်းချက်များကို လက်နက်အားကိုး၍ ဖြေရှင်းနေခြင်းသည် ပဋိပက္ခများနှင့် ဆိုးကျိုးသံသရာများသာ ကြီးထွားလာစေသည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး အတိဒုက္ခရောက်စေသည့်အတွက်ကြောင့် နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာကြခြင်းသည်သာ အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဖွဲ့အစည်းအသီးသီး၏ နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုကို ဦးစားပေးကြရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ယခုကဲ့သို့ ဥပဒေနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မထီမဲ့မြင်ပြုပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပြည်ထောင်စုအတွင်း အေးချမ်းစွာနေထိုင်သွားလာမှုကို နှောင့်ယှက်ဖျက်ဆီး ဖမ်းဆီးသတ်ဖြတ်နေကြသည့်သူများထံမှ ဖမ်းဆီးခံရသူများကို ပြည်ထောင်စုလွှတ်တော်ကြီးက ဘေးမသီရန်မခ ပြန်ရရန် တောင်းဆိုခြင်းသည် နိုင်ငံရေးဟန်ပန်သက်သက်သာဖြစ်နိုင်ပြီး အကျိုးဖြစ်ထွန်းမှု အလှမ်းဝေးနေမည်ဟု ယူဆပါကြောင်း၊ နိုင်ငံတော်လုံခြုံမှု၊ အုပ်ချုပ်မှု၊ တရားစီရင်မှုတို့ကို စီမံခန့်ခွဲနေသည်မှာ ပြည်ထောင်စုအစိုးရသာဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်သွားလာလုပ်ကိုင်နိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်များလည်း ပြည်သူ့ဆန္ဒအဝဝကို အေးချမ်းစွာရယူပြီး လွှတ်တော်တွင် တင်ပြနိုင်စေရေးအတွက် အကြမ်းဖက်မှုကင်းဝေးစေရေး ပြည့်ပြည့်ဝဝ လုံလုံခြုံခြုံစောင့်ရှောက်ပေးရန် အုပ်ချုပ်ရေးအာဏာပိုင် ပြည်ထောင်စုအစိုးရကိုသာ တိုက်တွန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

**အတည်ပြု**

ထို့နောက် အဆိုရှင် ဒေါက်တာလှမိုးက AA အဖွဲ့၏ ဥပဒေမဲ့ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်၊ အနာဂတ်ဦးတည်မျှော်မှန်းချက်များ၊ နိုင်ငံသူ၊ နိုင်ငံသားများအပါအဝင် မည်သည့်အဖွဲ့အစည်းကိုမျှ ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်စေမည် မဟုတ်သည်ကို သတိပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၇၆ မဲ၊ ကန့်ကွက်မဲ ၇ မဲ၊ ကြားနေမဲ ၃ မဲဖြစ်သဖြင့် အဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို နိုဝင်ဘာ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**


ဒုတိယဝန်ကြီး ဦးကျော်မျိုး


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း


ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း


မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း


ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျာမနီသံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။




အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ သင်တန်းသား သင်တန်းသူများ၊ International Institute for Democracy and Electoral Assistance (International IDEA)အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယနေ့ ဖွင့်လှစ်သည့် စွမ်းရည်မြှင့်သင်တန်းသည် ဒုတိယအကြိမ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်း၊ ပထမအကြိမ် သင်တန်းကို သင်တန်းသား ၁၀၄ ဦးဖြင့် အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်နေရသည့် ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရည်အသွေးနှင့် စွမ်းဆောင်ရည်များ မြင့်မားနေရန် လိုအပ်ပါကြောင်း၊ သင်တန်းတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အဓိကကျသော သင်ခန်းစာများကို ခေါင်းစဉ် ၁၀ ခုဖြင့် ပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုပြီးဖြစ်ပါကြောင်း၊ ရရှိထားပြီးဖြစ်သည့် မဲစာရင်းများကို လုပ်ငန်းစီမံချက်အတိုင်း Up to Date ဖြစ်စေရန် စိစစ်ပြင်ဆင် ဆောင်ရွက်သွားမှသာ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ရရှိမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် (၁)နှစ်ခန့်သာ လိုတော့သည့်အတွက် လုပ်ငန်းများ စဉ်ဆက်မပြတ် ရှိနေမည်ဖြစ်ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်အလိုက် လုပ်ဆောင်ရမည့်ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေမှသာ လုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိ၍ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်မည် ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများသည် မှန်ကန်တိကျမှုရှိရန်၊ ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ဖြစ်ရန်၊ ဘက်လိုက်မှုကင်းပြီး သမာသမတ်ကျရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းသည် ဆရာဖြစ်သင်တန်း ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် သင်တန်းကပို့ချသည်များကို စနစ်တကျလေ့လာသင်ယူကြရန်နှင့် မိမိတို့ကိုယ်တိုင် လက်တွေ့ဆောင်ရွက်ရသည့် အတွေ့အကြုံများဖလှယ်ခြင်း၊ ဗဟုသုတများ မျှဝေခြင်းများပြုလုပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့ဒေသများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့ဝင်များကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရာတွင် အခက်အခဲမရှိ ပို့ချနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ International IDEA အဖွဲ့မှ Senior Programme Manager Mr. Parvinder Singh က အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သင်တန်း ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါသင်တန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International IDEA အဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယနေ့သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ သင်တန်းသား သင်တန်းသူ ၉၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅၈ / ၂၀၁၉) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၅၈/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၂၂)ကြိမ်မြောက် စုပေါင်းသွေးလှူမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

"စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" က ကြီးမှူးပြုလုပ်မည့် (၂၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီခွဲထိ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" မှ အမှတ်တရလက်ဆောင် (ကြက်ဥ ၁၀ လုံး၊ ခရီးဆောင်အိတ်နှင့် နေကာဦးထုပ်)တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့်ပုဂ္ဂိုလ်များအနေဖြင့် ဖုန်း-၀၉ ၄၄၉၂၅၃၇၆၇၊ ၀၉ ၆၉၅၁ ၃၅၅၁၅ တို့သို့ နိုဝင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **ကြေးမုံ**

# မြန်မာ – ဂျပန်ပူးပေါင်းဆောင်ရွက်မှုရလဒ် ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကားနှင့် ရုပ်ရှင်အနုပညာစွမ်းပကား

ခင်ရတနာ

**ပြီးခဲ့တဲ့အောက်တိုဘာလကုန်ပိုင်းက တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်အပါအဝင် ဂျပန်နိုင်ငံရဲ့ ရုပ်ရှင်လုပ်ငန်းတွေကို လေ့လာရေးခရီးစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့အဖွဲ့မှာ လိုက်ပါခွင့်ရခဲ့ပါတယ်။**

အင်တိုက်အားတိုက် ဆောင်ရွက်နေကြတဲ့ ရုပ်ရှင်ဖလင် ထိန်းသိမ်းခြင်းလုပ်ငန်းတွေ၊ ရုပ်ရှင်စတူဒီယိုတွေ၊ ယဉ်ကျေးမှုနှင့် အနုပညာ ထိန်းသိမ်းစောင့်ရှောက်မှုတွေနဲ့ ရိုက်ကူးတင်ဆက်မှုတွေ အကြောင်းကို လေ့လာမှတ်သားခွင့်ရသလို ရုပ်ရှင်လောကသားတွေ၊ ပညာရှင်တွေ၊ ဦးဆောင်မှုပေးသူတွေရဲ့ စကားသံတွေကိုလည်း ကြားခွင့်ရခဲ့ပါတယ်။ အထူးခြားဆုံးကတော့ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲတော်ကြီးမှာ ပြသဖို့ရည်မှန်းထားတဲ့ ပြည်ပမှာ မြန်မာတို့ ပထမဆုံးရိုက်ကူးခဲ့တဲ့ မြန်မာရုပ်ရှင်ဇာတ်ကား "ဂျပန့်ရင်သွေး"ကို ဂျပန်နိုင်ငံ တိုကျိုမြို့က အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်မှာ ကြည့်ရှုခွင့် ရရှိခဲ့တာပဲ ဖြစ်ပါတယ်။

**ကြော်ငြာပိုစတာလေးတွေ ကိုယ်စီကိုင်ထား**

အဲဒီနေ့က ရုပ်ရှင်ပြသတဲ့ခန်းမထဲကို ရောက်ရှိသွားချိန်မှာ များပြားလှတဲ့ ရုပ်ရှင်ကြည့်ပရိသတ်ကြီးက အဆင်သင့်ရောက်နေပါပြီ။ အများစုက အသက်ကြီးပိုင်းတွေဖြစ်သလို အချို့ကလည်း မြန်မာလူမျိုးတွေ ရိုက်ကူးတင်ဆက်ပါဝင်တဲ့ ဇာတ်ကားမို့ လာရောက်ကြည့်ရှုကြတဲ့ လူငယ်တွေ ဖြစ်ပါတယ်။ သူတို့ရဲ့လက်ထဲမှာတော့ "ဂျပန့်ရင်သွေး" ဇာတ်ကားရဲ့ ကြော်ငြာပိုစတာလေးတွေ ကိုယ်စီကိုင်ထားကြပါတယ်။ စပ်စပ်စုစုနဲ့ ဂျပန်လူငယ်တစ်ဦးကို မေးကြည့်တော့ "ကျွန်တော့်အဘိုးက ဒီဇာတ်ကားတော်တော်လေး ကောင်းတယ်လို့ပြောဖူးတယ်။ အဘိုးက ကွယ်လွန်သွားပါပြီ။ သူငယ်ငယ်က ကြည့်ဖူးတဲ့ဇာတ်ကားပါ။ မြန်မာတွေက ဂျပန်မှာ ပထမဆုံးလာရိုက်ထားတာဆိုတော့ စိတ်ဝင်စားဖို့ကောင်းပါလိမ့်မယ်"လို့ အဖြေပေးပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နဲ့ ဂျပန်နိုင်ငံ အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်မှ တာဝန်ရှိသူတွေက အမှာစကားပြောကြားအပြီးမှာ "ဂျပန့်ရင်သွေး" ရုပ်ရှင်ကို စတင်ပြသပါတယ်။ မပြသမီမှာ ဂျပန်အမျိုးသားရုပ်ရှင် မော်ကွန်းတိုက်ကနေ ထိန်းသိမ်းပေးထားတယ်ဆိုတဲ့ အကြောင်းအရာနဲ့ ရုပ်ရှင်ထိန်းသိမ်းရာမှာ နည်းပညာအကူအညီကြောင့် ပိတ်သားပေါ်မှာ ပကတိအတိုင်း ကြည်လင်ပြတ်သားစွာ မြင်တွေ့ရတာကို အဟောင်းနဲ့အသစ် ယှဉ်တွဲပြသပေးတဲ့ နမူနာပြကွက်မှာပဲ အတော်လေး အားရမိပါတယ်။ ပိတ်သားပေါ်မှာ ပထမဆုံးပေါ်လာတဲ့ မြန်မာရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းရဲ့ အမှတ်တံဆိပ်ကို မြင်ရတော့ တစ်ချိန်က မြန်မာ့ရုပ်ရှင် အောင်မြင်ခဲ့တာတွေကို စိတ်မှန်းနဲ့တင် ကျေနပ်နေပါတယ်။

**လူငယ်လေးနှစ်ဦးရဲ့ ဇာတ်ဝင်ခန်း**

ပထမဆုံးပြကွက်ကတော့ ပင်လယ်ကူးသင်္ဘောကြီးပေါ်မှာ ဂျပန်နိုင်ငံကို လာရောက်ကြတဲ့ လူငယ်လေးနှစ်ဦးရဲ့ ဇာတ်ဝင်ခန်းဖြစ်ပါတယ်။ သူတို့ဟာ ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံအထိ စွန့်စွန့်စားစားနဲ့ လေယာဉ်ကိုကိုယ်တိုင်မောင်းနှင်ဖို့အတွက် ရည်မှန်းပြီး လာရောက်ကြသူတွေဖြစ်ပါတယ်။ မြန်မာလို "ဂျပန့်ရင်သွေး" လို့ခေါ်ပြီး ဂျပန်လိုတော့ "နိပွန်မူဆူမီ" "Japanese Daughter"ဆိုတဲ့ ဇာတ်ကားဟာ ၁၉၃၅ ခုနှစ်တုန်းက မြန်မာအဆွေနဲ့ အေဝမ်းဖလင်ကုမ္ပဏီတို့က ဂျပန်နိုင်ငံမှ ပီစီအယ်လ်ကုမ္ပဏီနဲ့အတူ ပူးပေါင်းရိုက်ကူးခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဇာတ်ကားမှာတော့ မြန်မာ့ရုပ်ရှင်ဖခင်ကြီးလို့ တင်စားခေါ်ဝေါ်ကြတဲ့ မြန်မာဒါရိုက်တာဦးညီပုက ဒါရိုက်တာအဖြစ်ရော မင်းသားအဖြစ်နဲ့ပါ၊ ဦးမောင်မောင်စိုး၊ ဂျပန်မင်းသမီးလေး မိဆုကိုတကရို (မေမိစံ(ခ)အေးမိစံ)၊ မောင်စံညွန့်တို့နဲ့အတူ သရုပ်ဆောင်ထားကြပါတယ်။

ဒါရိုက်တာဦးညီပုနဲ့ ဦးမောင်မောင်စိုးတို့ဟာ ဂျပန်နိုင်ငံကို ရုပ်ရှင်ပညာသင်ယူဖို့နဲ့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ စက်ပစ္စည်းတွေ ဝယ်ယူဖို့အတွက် သွားရောက်ခဲ့စဉ်မှာ ဒီဇာတ်ကားကို ရိုက်ကူးခဲ့ကြတာဖြစ်ပါတယ်။ ၁၉၃၄ ခုနှစ် မေလမှာ စတင်ရိုက်ကူးခဲ့ကြပြီး ဂျပန်အစိုးရနဲ့ ရုပ်ရှင်အသိုင်းအဝိုင်းကလည်း အများကြီး ကူညီခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ကျော်က မြန်မာ့ရုပ်ရှင်ရဲ့ အောင်မြင်မှုကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့ရုံသာမက ဂျပန်လူမျိုး သရုပ်ဆောင်တွေရဲ့ အားဖြည့်အကူအညီပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ထိုခေတ်ထိုအခါက နိုင်ငံရပ်ခြားမှာ သွားရောက်ရိုက်ကူးခဲ့တဲ့ ဒေသန္တရအခြေအနေတွေကိုလည်း သိမြင်ခွင့်ရခဲ့ပါတယ်။ ဥပမာပြောရရင် ဒီရုပ်ရှင်မှာ ပါဝင်တဲ့ ဂျပန်နိုင်ငံက မီးရထားဘူတာကြီးရဲ့ ပုံရိပ်ဟာ ဂျပန်ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အရေးပါတဲ့ မှတ်တမ်းအဖြစ် အကျိုးကျေးဇူးရရှိတယ်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေထံမှ သိခွင့်ရခဲ့ပါတယ်။ တစ်ချိန်တည်းမှာ မြန်မာတွေရဲ့ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်နဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်က အသုံးအနှုန်းတွေဟာလည်း မြန်မာ့သမိုင်းအတွက် အများကြီးအကျိုးရှိမှာ အသေအချာပါပဲ။

ဂျပန့်ရင်သွေးဇာတ်လမ်းကတော့ ရိုးရိုးလေးနဲ့ဆန်းပါတယ်။ လူစွန့်စားမြန်မာညီအစ်ကိုတွေဟာ လေယာဉ်ကို ကိုယ်တိုင်မောင်းနှင်ပြီး တောအထပ်ထပ် တောင်အသွယ်သွယ်နဲ့ သမုဒ္ဒရာကိုဖြတ်လို့ ဂျပန်ပြည်ကနေ မြန်မာပြည်ကို မနားတမ်းခရီးနှင်ကြဖို့ ကြိုးစားကြတဲ့အကြောင်းနဲ့ အချစ်ကြီးတဲ့ ဂျပန်အမျိုးသမီးငယ်လေးတို့ရဲ့ အချစ်ဇာတ်လမ်းကို ရိုက်ကူးထားတာ ဖြစ်ပါတယ်။ အချစ်၊ အလွမ်းစတဲ့ ရသတွေအပြင် ပျော်စရာ နှစ်သက်စရာ၊ အပန်းပြေစရာ၊ ဗဟုသုတဖြစ်ဖွယ်ရာစတဲ့ ခံစားမှုအစုံအလင်ကို ကြည့်ရှုချင်စဖွယ် တင်ဆက်ထားတာမို့ ထိုခေတ်ထိုအခါက အောင်မြင်တယ်ဆိုတာ ယုံမှားသံသယမရှိနိုင်တဲ့အထိ ရသစုံလင်ပါတယ်။



ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကားမှ မင်းသား ဦးညီပုနှင့် ဂျပန်မင်းသမီး မိဆုကိုတကရို (မေမိစံ(ခ) အေးမိစံ)တို့၏ ဇာတ်ဝင်ခန်း။



ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကား၏ ပထမဆုံးပြကွက်ဖြစ်သည့် ပင်လယ်ကူးသင်္ဘောကြီးပေါ်တွင် ဂျပန်နိုင်ငံကို လာရောက်ကြသည့် လူငယ်လေး နှစ်ဦး၏ ဇာတ်ဝင်ခန်း။

မြန်မာ့ရုပ်ရှင်သမိုင်းမှာ အစောဆုံး အသံထွက်ရုပ်ရှင်ဖြစ်တဲ့ "ငွေပေးလို့မရ"ဆိုတဲ့ ရုပ်ရှင်ကို ဒါရိုက်တာဦးတုတ်ကြီးက ရိုက်ကူးထားခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် လက်ရှိတွေ့ရှိသမျှ ရုပ်ရှင်တွေထဲမှာတော့ ဂျပန့်ရင်သွေးရုပ်ရှင်ဟာ အစောဆုံး အသံထွက်ရုပ်ရှင်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ရွာသားကို ချစ်သူအဖြစ် ရွေးမိတဲ့အတွက် ခံစားရသူတွေ၊ မထင်မှတ်ထားတဲ့ ဝမ်းနည်းဖွယ်ရာ ခွဲခွာမှုတွေ၊ လှပတဲ့ ဇာတ်သိမ်းဇာတ်ဝင်ခန်းတွေကြောင့် မျက်ရည်မဆည်နိုင်တဲ့ ခန်းမထဲက ပရိသတ်အချို့ကိုလည်း မြင်တွေ့ရပါတယ်။ အနုပညာဆိုတာ အသက်အရွယ်မရွေး ခံစားနိုင်တဲ့ အရာ၊ ဘာသာ လူမျိုးမရွေး ခံစားနိုင်တဲ့ အရာဆိုတာကို သိခွင့်ရခဲ့တဲ့အပြင် မြန်မာလူငယ်တွေရဲ့ စိတ်ကူးစိတ်သန်းနဲ့ စွန့်စားမှု၊ လမ်းသစ်ဖောက်ထွင်မှုတွေကို သဏ္ဌာန်လုပ်သရုပ်တူထားတဲ့ ဇာတ်ကားအဖြစ် ခံစားကြည့်ရှုမြင်တွေ့ခွင့် ရခဲ့ပါတယ်။

**မီးမောင်းထိုးပြသလို ခံစားမိ**

အရုပ်ပြင်ဆင်ထိန်းသိမ်းမှုအပြင် အသံပိုင်းဆိုင်ရာမှာလည်း သင်္ဘောဥဩဆွဲသံ၊ ငှက်အော်သံ၊ လေယာဉ်စက်မောင်းသံ၊ စကားပြောသံ၊ တူရိယာတီးမှုတ်သံ၊ ပျော်ရွှင်စွာ အားပေးတဲ့အသံစတဲ့ အသံများစွာဟာ ကြည်လင်ပြတ်သားနေသလို နောက်ခံတေးဂီတဆိုင်ရာတွေမှာလည်း မနေ့တစ်နေ့ကမှ ရိုက်ကူးထားတဲ့ ဇာတ်ကားတစ်ကားလို ကောင်းမွန်လွန်းနေတာကိုလည်း သတိပြုမိပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တန်ဖိုးထားနားလည်ခြင်းတွေဟာ ကဏ္ဍအသီးသီးမှာ လိုအပ်နေပါပြီ။ မိမိတို့နိုင်ငံမှာလည်း ရုပ်ရှင်ဇာတ်ကားတွေ၊ သမိုင်းတွေကို ယခုထက်ပိုပြီး ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်နေပြီဆိုတာကို မီးမောင်းထိုးပြသလို ခံစားမိပါတယ်။

ရုပ်ရှင်ပြသချိန်မှာ ရုပ်ရှင်ကြည့်ရှုနေရင်း ထသွားတာမျိုး၊ အစာစားတာမျိုးနဲ့ အများပြည်သူ အနှောင့်အယှက်ဖြစ်အောင် ဖုန်းပြောတာ၊ မီးဖွင့်တာ၊ ဗီဒီယိုရိုက်ကူးတာမျိုး လုံးဝမရှိဘဲ ငြိမ်သက်စွာနဲ့ပဲ ဂန္ထဝင်ရုပ်ရှင်ကားကို တန်ဖိုးထားပြီး လေးလေးစားစားနဲ့ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်ကြီးကိုလည်း မြန်မာတို့ကိုယ်စား ကျေးဇူးအထူးတင်မိပါတယ်။

စာမျက်နှာ ၇ သို့ ✫

**လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်က မြန်မာ့ရုပ်ရှင်ရဲ့ အောင်မြင်မှုကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့ရုံသာမက ဂျပန်လူမျိုး သရုပ်ဆောင်တွေရဲ့ အားဖြည့်အကူအညီပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ထိုခေတ်ထိုအခါက နိုင်ငံရပ်ခြားမှာ သွားရောက်ရိုက်ကူးခဲ့တဲ့ ဒေသန္တရအခြေအနေတွေကိုလည်း သိမြင်ခွင့်ရခဲ့**

☆ စာမျက်နှာ ၆ မှ

မြန်မာ့ရုပ်ရှင် ရွှေခေတ်လို့ ပြောလို့ရတဲ့ ကာလတွေဖြစ်တဲ့ ၁၉၃၅ ခုနှစ်မှာ "ဂျပန့်ရင်သွေး" ဇာတ်ကားကို ရုံတင်ပြသခဲ့ပါတယ်။ အတိအကျပြောရရင် ၁၉၃၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ရန်ကုန်မြို့ အိုလံပီယာနဲ့ ဘုရင့်ရုပ်ရှင်ရုံတွေမှာ "လေးလရာသီ ဂျပန်ပြည်"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားနဲ့ တွဲဖက်ပြီး တစ်ပြိုင်နက်ပြသခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာရုပ်ရှင်တွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်ကာလမို့ ဂျပန်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာလည်း တစ်ချိန်တည်းပဲ "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသခဲ့တဲ့အတွက် ပြည်တွင်း၊ ပြည်ပအားပေးမှုတွေ တစ်ခဲနက် ရရှိခဲ့တဲ့ ဇာတ်ကားလည်း ဖြစ်ခဲ့တဲ့အကြောင်း မှတ်သားရပါတယ်။ ဒီဇာတ်လမ်းကို ၁၉၉၂ ခုနှစ်မှာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ အရှေ့တောင်အာရှရုပ်ရှင်ပွဲတော်မှာ ပြန်လည်ပြသပေးခဲ့ပါသေးတယ်။ ဒါတင်မကသေးပါဘူး။ ၁၉၉၅ ခုနှစ် ရုပ်ရှင်စိန်ရတုပွဲတော်ကျင်းပစဉ်ကလည်း ဂျပန်နိုင်ငံကနေ "ဂျပန့်ရင်သွေး" ရုပ်ရှင် ဗွီအိပ်ချ်အက်စ်တိတ်ခွေပေးခဲ့ဖူးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ဒီဇာတ်ကားကို ထုတ်လွှင့်ပြသနိုင်ခဲ့ပါသေးတယ်။



ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကား၏ ပင်လယ်ကူးသင်္ဘောကြီးပေါ်တွင် ဂျပန်နိုင်ငံကို လာရောက်ကြသည့် လူငယ်လေးနှစ်ဦး၏ ဇာတ်ဝင်ခန်း။

မြန်မာနဲ့ ဂျပန်ဒါရိုက်တာတွေ ပူးပေါင်းရိုက်ကူးထားတဲ့ "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားကို အခုလို သပ်ရပ်လှပတဲ့ အသွင်သစ် ပြုပြင်ထိန်းသိမ်းမှုစနစ်တွေနဲ့ မြင်တွေ့ရဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ခဲ့ပါဘူး။ ပြန်လည်အသက်သွင်းဖို့ ကြိုးစားခဲ့သူတွေကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ တာဝန်ရှိသူတွေနဲ့ ရုပ်ရှင်အကျိုးကို သယ်ပိုးနေကြတဲ့ Save Myanmar Film မှ လူငယ်တွေ ဖြစ်ပါတယ်။

**အမေရိကန်ဒေါ်လာ ရှစ်သောင်းလောက်ရှိ**

ဂျပန့်ရင်သွေးရုပ်ရှင်ဖလင်ကို ဂျပန်နိုင်ငံ အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်ရဲ့ အပူချိန်နှစ်ဒီဂရီရှိတဲ့ အအေးခန်းမှာ ထိန်းသိမ်းထားတာကို တွေ့ခဲ့ရပါတယ်။ မြန်မာ-ဂျပန်နှစ်နိုင်ငံတာဝန်ရှိသူတွေက မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်အဖြစ် "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားကို မြန်မာ့မြေမှာ ပြန်လည်ပြသနိုင်ဖို့ ကြိုးပမ်းခဲ့ကြခြင်း ဖြစ်ပါတယ်။ ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကားကြီးကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ထိန်းသိမ်းဖို့အတွက် ရုပ်ရှင်အမွေအနှစ်ကို ချစ်မြတ်နိုးကြတဲ့ စိတ်ဆန္ဒအပြည့်နဲ့ ရည်ရွယ်ခဲ့ကြပေမယ့် ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ရှစ်သောင်းလောက် ရှိတဲ့အတွက် အခက်အခဲတွေရှိခဲ့ကြပါတယ်။

**ပြန်လည်ထိန်းသိမ်းထားနိုင်ခဲ့**

အခုအချိန်မှာတော့ ဖလင်ကားထုပ်ကနေ ဒစ်ဂျစ်တယ် ထိန်းသိမ်းနည်းစနစ်ကို ကူးပြောင်းပြီး ပြန်လည်ထိန်းသိမ်းထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းနိုင်ဖို့အတွက်ကတော့ ဂျပန်နိုင်ငံမှာရှိတဲ့ ရုပ်ရှင်လုပ်ငန်းအတွက် နည်းပညာ အထောက်အပံ့တွေပေးနေတဲ့ Imagica Lab က တာဝန်ယူလုပ်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို ထိန်းသိမ်းနိုင်ဖို့အတွက် ဂျပန်အစိုးရရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Agency for Cultural Affairs အဖွဲ့က အကုန်အကျခံ ပံ့ပိုးကူညီပေးခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ဖောင်ဒေးရှင်း၊ အေဝမ်းရုပ်ရှင်ထုတ်လုပ်ရေးမိသားစုများနဲ့ Save Myanmar Film အဖွဲ့သားများရဲ့ စုပေါင်းအားနဲ့ ပိတ်ကားပေါ်ကို တစ်ကျော့ပြန် ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်လို့ Save Myanmar Film ရဲ့ ရုပ်ရှင်အမွေအနှစ်ကိုချစ်မြတ်နိုးတဲ့ လူငယ်ဒါရိုက်တာတစ်ဦးဖြစ်သူ ကိုသိဒ္ဓိက ဆိုပါတယ်။

၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင် ရာပြည့် အထိမ်းအမှတ်အချိန်အခါသမယမှာ မြန်မာ့မြေပေါ်မှာ "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားကြီးကို နည်းပညာစနစ် 2K Resolution နဲ့ ကြည့်ရှုခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ဟာ နှစ်ပေါင်း ၁၀၀ သို့ ဖြတ်သန်းရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ရဲ့ ပထမဆုံးဇာတ်ကားဖြစ်တဲ့"မေတ္တာနှင့်သူရာ" ဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှာ ရုံတင်ပြသခဲ့ပြီး အဲဒီနေ့ကိုလည်း "မြန်မာ့ရုပ်ရှင်နေ့"အဖြစ် သတ်မှတ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။



ဂျပန်နိုင်ငံ တိုကျိုမြို့ အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်၌ ဂျပန့်ရင်သွေး မြန်မာရုပ်ရှင်ဇာတ်ကားပြသမှုအစီအစဉ်တွင် ဂျပန်အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်မှ တာဝန်ရှိသူတစ်ဦး နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

၁၉၂၀ ပြည့်နှစ်မှာ အသံထွက်ရုပ်ရှင်ဇာတ်ကားတွေ ပွဲဦးထွက်လာရာကနေ အမြင့်ဆုံး ရောက်ရှိခဲ့တာ အရှေ့တောင်အာရှမှာပါ ထိပ်တန်းဖြစ်ခဲ့ရဖူးတာကို လေ့လာမှတ်သားရပါတယ်။ အခုအချိန်မှာလည်း တစ်ကျော့ပြန် အောင်မြင်မှုတွေ ပြန်လည်ရရှိလာပြီလို့ မြော်တွေးမိပါတယ်။ နိုင်ငံတကာက အသိအမှတ်ပြုတဲ့ ရုပ်ရှင်ဇာတ်ကားတွေ၊ နိုင်ငံတကာမှာပြသခွင့်ရတဲ့ မြန်မာ့ရုပ်ရှင်တွေ၊ နိုင်ငံတကာက အသိအမှတ်ပြုပြီး ပေးအပ်လာတဲ့ ဆုတံဆိပ်တွေဟာ ရုပ်ရှင်လောကသား လူငယ်မျိုးဆက်သစ်တွေရဲ့ ကြိုးပမ်းမှုနဲ့ အတူ မျိုးဆက်ဟောင်းတွေရဲ့ ပံ့ပိုးကူညီမှုတွေကြောင့်ဆိုလည်း မှားမယ်မထင်ပါဘူး။

**စိတ်အစဉ်ကို လွှမ်းမိုးနိုင်**

ရုပ်ရှင်အနုပညာဆိုတာ လူသားတိုင်းရဲ့ စိတ်နှလုံးကို ညှို့ငင်ဖမ်းစားနိုင်သလို ချစ်ကြည်ရင်းနှီးမှုနဲ့ နားလည်မှုကို စွမ်းဆောင်ပေးနိုင်တာကြောင့် Soft Power ဆိုပြီးတောင် တင်စားကြပါတယ်။ ရုပ်ရှင်ဇာတ်လမ်းထဲက သရုပ်ဆောင်တွေရဲ့ အပြုအမူတွေ၊ အပြောအဆိုနဲ့ တွေးခေါ်ဆင်ခြင်မှုတွေဟာ အနုပညာကို ခံစားမိသူတွေရဲ့ စိတ်အစဉ်ကို လွှမ်းမိုးနိုင်ပါတယ်။ နိုင်ငံအချို့ဟာ အနုပညာကနေတစ်ဆင့် သူတို့ရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့ ယုံကြည်မှုတွေ၊ ခံစားချက်တွေ၊ ဖြစ်ရပ်တွေနဲ့ ဖြစ်လိုတဲ့ စိတ်ကူးအိပ်မက်တွေကို ဖော်ထုတ်ကြတာပါ။ အဲဒီအရာတွေဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားကြတာကိုလည်း မြင်တွေ့ရပါတယ်။ ဒါကြောင့်လည်း ရုပ်ရှင်အနုပညာနဲ့ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဟာ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးစတဲ့ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေမှာ တိုးတက်လာစေဖို့အတွက် အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီး အကျိုးရှိအောင် အသုံးချနေကြတာပဲ ဖြစ်ပါတယ်။

**ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်**

မိမိတို့နိုင်ငံမှာလည်း များပြားလှတဲ့ ယဉ်ကျေးမှု၊ ခိုင်မာတဲ့သမိုင်းကြောင်းတွေနဲ့ မိမိတို့ဦးတည်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုလမ်းကြောင်းပေါ်ကို ပြည်သူတွေ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဖို့နဲ့ တစ်ကမ္ဘာလုံးက အသိအမှတ်ပြု နားလည်ပြီး လက်ခံအားပေးလာနိုင်ဖို့ ရည်မှန်းပြီး Soft Power ဖြစ်တဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားတွေကို အဆင့်အတန်းမြင့်မြင့်၊ အရေအတွက်များများနဲ့ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်ထုတ်လုပ်လာနိုင်မယ်ဆိုရင် ရုပ်ရှင်ဈေးကွက်သာမကဘဲ နိုင်ငံအတွက်ပါ အကျိုးကျေးဇူးများစွာရရှိမယ်လို့ တွေးနေမိရင်း မြန်မာ့ရုပ်ရှင်ရာပြည့်ကို လှိုက်လှဲစွာကြိုဆိုလိုက်ပါတယ်။ ။



တိုကျိုမြို့ အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်၌ ဂျပန့်ရင်သွေး မြန်မာရုပ်ရှင်ဇာတ်ကားပြသမှုအစီအစဉ်တွင် လာရောက်ကြည့်ရှုအားပေးသူများကို တွေ့ရစဉ်။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၂ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနား မြို့နယ်၊ စီကောက်ကျေးရွာနေ သန်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၁-၂၀၁၉ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ စီကောက်ကျေးရွာနေ သန်းလွင်(၂၈)နှစ်၊ (ဘ)ဦးကျော်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အစ်ကိုဖြစ်သူ မျိုးလွင် (၃၃)နှစ်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျဉ်းမနား)မယ(ပ)၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | နေပြည်တော်ကောင်စီနယ်မြေ၊ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်နေ ဟိန်းစိုးနှင့် ဇော်ဝင်းနိုင်တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၁-၂၀၁၉ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ ရပ်ကွက်နေ ဟိန်းစိုး(၂၄)နှစ်၊ (ဘ)ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(၁)(ဇမ္ဗူသီရိ)မယ(ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ အောင်ဇမ္ဗူ လမ်းမပေါ်ရှိ ဘီယာဆိုင်၌ ၎င်းရပ်ကွက်နေ ဇော်ဝင်းနိုင် (၂၆)နှစ်၊ (ဘ)ဦးဇော်မင်းထွေးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(၁)(ဇမ္ဗူသီရိ)မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ သဲဂုဏ်ကျေးရွာနေ သိန်းရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၁-၁၁-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ သဲဂုဏ်ကျေးရွာနေ သိန်းရွှေ(၅၃)နှစ်၊ (ဘ)ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်းကျေးရွာနေ အောင်ဆန်းဦး(၃၆)နှစ်၊ (ဘ)ဦးမြင့်ဆွေတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟိုပင်) မယ (ပ)၆၇/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာနေ ဌေးလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၁-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ သဝန်ကျေးရွာ၏ မြောက်ဘက်(၁)ဖာလုံခန့်အကွာ တောင်ခြေတောထဲ၌ ၎င်းကျေးရွာနေ ဌေးလွင်(၄၅)နှစ်၊ (ဘ) ဦးဘိုနီ အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၄၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၀ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကွမ်းတိုင်ကျေးရွာနေ စိန်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၁-၂၀၁၉ ရက်နေ့တွင် ခင်ဦးမြို့နယ်၊ ကံသစ်ကျေးရွာအနီး ခင်ဦး-ရေဦးသွားကားလမ်းပေါ်၌ ကွမ်းတိုင်ကျေးရွာနေ စိန်လွင်(၅၀)နှစ်၊ (ဘ)ဦးပိုင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခင်ဦး)မယ(ပ)၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ တရားခံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများအား ထပ်မံသိမ်းဆည်းရမိသဖြင့် မမစ(ခင်ဦး) မယ (ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ အောင်ပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၁-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်း -တာပန်ကျေးရွာသွား လမ်းပေါ်၌ သငါကျေးရွာနေ အောင်ပု (ခ)အောင်စိုးလင်း(၃၆)နှစ်၊ (ဘ)ဦးစိန်ထွေးနှင့် နေဆန်းဝင်း (၂၄)နှစ်၊ (ဘ)ဦးသန်းလှတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၁၇၄/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မှော်ဖျားကျေးရွာနေ ရန်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၁-၂၀၁၉ ရက်နေ့တွင် ပုလောမြို့နယ်၊ မှော်ဖျား ကျေးရွာနေ ရန်နိုင်(၃၁)နှစ်၊ (ဘ)ဦးစိုးဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပလောက်)မယ(ပ)၆/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့နယ်၊သကျုက္ကမ်းကျေးရွာနေ ဒေါ်အေးကြူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၁-၂၀၁၉ ရက်နေ့တွင် ပုလောမြို့နယ်၊ သကျုက္ကမ်းကျေးရွာနေ ဒေါ်အေးကြူ(၃၈)နှစ်၊ (ဘ)ဦးချစ်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော)မယ(ပ)၃၉/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဒုံးပုလဲအော် ကျေးရွာနေ ထွေးတင်နှင့် ဒေါ်ညိုဝင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၁-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ဒုံးပုလဲအော် ကျေးရွာနေ ထွေးတင်(၆၃)နှစ်၊ (ဘ)ဦးလှစိုးမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းစု)မယ(ပ) ၃၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဒေါ်ညိုဝင်း(၄၈)နှစ်၊ (ဘ)ဦးကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ နေဝင်းအောင် (ခ) သားသား(၂၈)နှစ်၊ (ဘ)ဦးကျော်တို့ (၂)ဦးအားWY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းစု)မယ(ပ)၃၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၂)ရပ်ကွက်၊ တောင်ဇလပ်လမ်းနေ ဖြိုးမင်းထွန်းသည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ ခြင်း။ | ၃-၁၁-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ တောင်ဇလပ်လမ်းနေ ဖြိုးမင်းထွန်း(၂၇)နှစ်၊ (ဘ)ဦးမြလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံအရှေ့)မယ(ပ)၄၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်း(၁)လမ်းနေ ဒေါ်သီတာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၁-၂၀၁၉ ရက်နေ့တွင် သန်လျင်မြို့နယ်၊ မြို့ဟောင်း အရှေ့ရပ်ကွက်၊ ဦးဖိုးသိန်း(၁)လမ်းနေ ဒေါ်သီတာ(ခ) သီတာစန်း (၄၈)နှစ်၊ (ဘ)ဦးမြသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်)မယ(ပ) ၆၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း အရှေ့ရပ်ကွက်နေ ဖြိုးမင်းသော်(ခ) ကိုဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၁-၂၀၁၉ ရက်နေ့တွင် တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်နေ ဖြိုးမင်းသော်(ခ)ကိုဖြိုး(၂၂)နှစ်၊ (ဘ) ဦးဇော်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျားကွက်သစ်ရပ်ကွက်နေ မြတ်မင်းပိုင်(၁၈)နှစ်၊ (ဘ) ဦးတင်ဦးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ)မယ(ပ) ၄၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ပုသိမ်ညွန့်ရပ်ကွက်၊ မလွှကုန်းဘူတာ လူကူးလမ်းတံတားပေါ်၌ ၎င်းရပ်ကွက်နေ ကျော်မင်းထက် (၂၈)နှစ်၊ (ဘ)ဦးတင်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(တာမွေ) မယ(ပ) ၄၅/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁/၁၀)ရပ်ကွက်နေ ဟိန်းသူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၁-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁/၁၀) ရပ်ကွက်နေ ဟိန်းသူ(ခ)အောင်ဟိန်းသူ(၂၃)နှစ်၊ (ဘ) ဦးသိန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ)မယ(ပ)၂၅၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဖိုးရာဇာလမ်းနေ အောင်သူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၁-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဖိုးရာဇာလမ်းနှင့် စိန်ရတနာလမ်းထောင့်၌ ၎င်းရပ်ကွက်နေ အောင်သူ(ခ) အောင်အောင်(၂၂)နှစ်၊ (ဘ)ဦးတင်လှ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ (ပ)၂၅၆/ ၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၉၄)ရပ်ကွက်နေ စည်သူအောင်(ခ) လုံးလုံးနှင့်အလီတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၁-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ပုဏ္ဏာမီလမ်းနှင့် အေ(၁၂)လမ်းထိပ်၌ ၎င်းရပ်ကွက်နေ အလီ(ခ)သူရအောင်(၂၁)နှစ်၊ (ဘ)ဦးစိန်ထွန်းနှင့် စည်သူအောင်(ခ)လုံးလုံး(၂၁)နှစ်၊ (ဘ)ဦးစိုးနောင်တို့ (၂)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံဆိပ်ကမ်း)မယ(ပ)၃၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာ(၂၃)ရပ်ကွက်နေ ကြက်ကြီး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၁-၂၀၁၉ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ ဝါးတရာ (၂၃)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်းနှင့် ကျောင်းလမ်း လမ်းဆုံ၌ ၎င်းရပ်ကွက်နေ ကြက်ကြီး (ခ)သန်းမင်းထွန်း (၃၀)နှစ်၊ (ဘ)ဦးလှသန်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ ထပ်မံသိမ်းဆည်းရမိသဖြင့် နမစ(လှော်ကား)မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းနေ မနီနီချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၁-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနား အနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းဘေး၌ ၎င်းလမ်းနေ မနီနီချို(၃၇)နှစ်၊ (ဘ)ဦးထွန်းခင်နှင့် မဂျူးဂျူး(ခ) မေသူအောင် (၂၄)နှစ်၊ (ဘ)ဦးသိန်းအောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ICEများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၈၉/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ သုံးခွကျေးရွာနေ အောင်လင်းဇော်(ခ)ရဲဇော်သည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၁-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ သုံးခွကျေးရွာနေ အောင်လင်းဇော်(ခ)ရဲဇော် (၂၇)နှစ်၊ (ဘ)ဦးသန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၈၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငို့စင်ကျေးရွာနေ အောင်မင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၁-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ငို့စင်ကျေးရွာနေ အောင်မင်း(၄၉)နှစ်၊ (ဘ)ဦးချစ်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း)မယ(ပ)၉၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့နယ်၊ ဟိုနားကျေးရွာနေ ကျော်မြင့်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၁-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ဟိုနားကျေးရွာလယ် လမ်းမပေါ်၌ ၎င်းကျေးရွာနေ ကျော်မြင့်ဦး (၄၁) နှစ်၊ (ဘ) ဦးအောင်တူးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ (ပ)၇၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ ❐

❐ စာမျက်နှာ ၈ မှ

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၄၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၀၉၄)ဦး၊ မ(၂၀၈) ဦး၊ ပေါင်း(၁၃၀၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၀၆၄.၇၇၉၄)ဂရမ်၊ ICE (၁၃၄၅.၆၂)ဂရမ်၊ ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၁၀၀.၁၂) ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၄၂၅၁၁၀)ပြား၊ ဆေးခြောက် (၈၄၀၆.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈) လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များ ကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

| | | |
|---|---|---|
| ဆက်သွယ်ရန် | - | |
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Marsun Public Company Ltd. နှင့် I Group Ltd. တို့သို့ လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၈**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲ (Defense & Security 2019) သို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ Marsun Public Company Ltd. နှင့် E-Education လုပ်ငန်းများဆောင်ရွက်နေသည့် I Group Ltd. တို့သို့ သွားရောက်လေ့လာ ကြည့်ရှုကြသည်။



သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ Marsun Public Company Ltd. ကို ၁၉၈၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်္ဘောတည်ဆောက်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ခရီးသည်တင်သင်္ဘောများ၊ ကမ်းတက်ရေယာဉ်များ၊ ရွက်လှေများနှင့် ကင်းလှည့်အမြန်ရေယာဉ်များ အပါအဝင် သင်္ဘောပေါင်း ၃၁၀ ကျော်ကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် ထုတ်လုပ်ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**ပညာဒါနပြုလုပ်**

E-Education လုပ်ငန်းများဆောင်ရွက်နေသည့် I Group Ltd. သည် ဟောင်ကောင်တွင် မှတ်ပုံတင်ထားသည့် နိုင်ငံပေါင်းစုံပါဝင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရှေးဟောင်းတန်ဖိုးကြီးသမိုင်းဝင်ပန်းချီကားများ၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှု အနုသုခုမလက်ရာများကို အရည်အသွေးမြင့်ကင်မရာများ၊ ခေတ်မီနည်းပညာများဖြင့် ပြန်လည်ပုံနှိပ်ဖြန့်ချိထိန်းသိမ်းခြင်း၊ သုတေသနစာတမ်းများ၊ နည်းပညာဆိုင်ရာ ပညာရေးစာအုပ်စာတမ်းများကို E-Library များဖြင့် ပညာဒါနပြုလုပ်ခြင်းနှင့် ထုတ်ဝေဖြန့်ချိရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှပစိဖိတ်ဒေသနှင့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ထမ်းပေါင်း ၁၂၀၀ ကျော်ဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းနှင့် I Group Ltd.ကို ဦးစီးတည်ထောင်ခဲ့သူမှာ မြန်မာနိုင်ငံဖွား Mr. Pote Narittakurn Le ဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကတည်းက ထိုင်းနိုင်ငံတွင် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း United Nations Department of Economic and Social Affairs မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် United Nations Department of Economic and Social Affairs (UNDESA)မှ Committee for Development Policy(CDP) ၏ အတွင်းရေးမှူး Roland Duco Maximiliaan Mollerus ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Country-LDC) အဆင့်မှ လွတ်မြောက်နိုင်ရေးကြိုးပမ်းမှု၊ ယင်းသို့ကြိုးပမ်းစဉ်ကာလအတွင်း ကြုံတွေ့ရမည့်အခြေအနေများ၊ LDC အဆင့်မှ လွတ်မြောက်ပြီးနောက် တွေ့ကြုံရမည့် အကျိုးဆက်များနှင့် စိန်ခေါ်မှုများ၊ CDP အတွင်းရေးမှူးရုံးမှ Impact Assessment ပြုစုရေးသားမည့်ကိစ္စ၊ LDC မှ လွတ်မြောက်ပြီးနောက် ဖွံ့ဖြိုးမှုစီမံကိန်းများနှင့်အညီ Post gratuation comprehensive strategies များ ရေးဆွဲဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr.Chavacrong Limpattampanee နှင့် အဖွဲ့ဝင်ခြောက်ဦးတို့ ပါဝင်သော အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် ဦးဆောင်သော ကောင်စီဝင်များနှင့်တွေ့ဆုံ၍ ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်နေမှုများ၊ လက်ရှိ ထိုင်းသတင်းမီဒီယာများနှင့် ဂျာနယ်လစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်နေမှုများ၊ သတင်းမီဒီယာလွတ်လပ်မှု အခြေအနေ၊ သတင်းသမားများ တရားစွဲဆိုခံရမှု၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများကို ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မေးမြန်းကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။




ယင်းနောက် နှစ်နိုင်ငံ သတင်းမီဒီယာကောင်စီတို့အကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ အာဆီယံသတင်းမီဒီယာကောင်စီပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုများကို ဆက်လက်ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့သည် နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသို့ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ပုံနှိပ်မီဒီယာများ ကျဆင်းလာနေမှုကို ပြန်လည်ဦးမော့လာစေရန်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဦးဆောင်ပြီး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ပုံနှိပ်မီဒီယာဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်များ၊ ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီက ပူးပေါင်းကူညီမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်**

ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့သည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါအချက်များအရ နှစ်နိုင်ငံကောင်စီ၊ သတင်းမီဒီယာ၊ ဂျာနယ်လစ်များအကြား ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ လာရောက်ခြင်းဖြစ်ပြီး နေပြည်တော်သို့လည်း သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ဒီမင်း**

၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး။
★ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး။
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စို့။

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၁-၁၁-၂၀၁၉)

# အမျိုးသားစာပေဆုများနှင့် စာပေဗိမာန်စာမူဆုများ၊ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပနိုင်ရန် စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်သည့် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပနိုင်ရန်အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**ဆွေးနွေး**

အစည်းအဝေးသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအတွက် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရေး၊ ဧည့်သည်တော်များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဆုချီးမြှင့်ရေး၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေး ဆိုင်ရာများ ဆွေးနွေးကြသည်။

၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအတွက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Sule Shangri-la ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အမျိုးသားစာပေတစ်သက်တာဆု နှစ်ဆု၊ အမျိုးသားစာပေဆု ၁၀ဆု၊ စာပေဗိမာန် စာမူဆု ၂၄ ဆုတို့ကို ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဆေးတက္ကသိုလ်များတွင်ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ဆေးတက္ကသိုလ်ငါးခု၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းမှ စတင်၍ ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum) ဖြင့် သင်ကြားနိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ကျင်းပခဲ့သည်။

**အလွန်ထိရောက်သည့် သင်ကြားမှုပုံစံဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတော်နှင့် ပြည်သူများအတွက် ပိုမိုအရည်အသွေးမြင့်မားသော ဆေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ခေတ်နှင့်အညီ နိုင်ငံတကာတွင် အသုံးပြုသင်ကြားလျက်ရှိသော ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းကို ဆေးတက္ကသိုလ်များတွင် စတင်အသုံးပြုသင်ကြားတော့မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသူများအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ သင်ရိုးညွှန်းတမ်းသစ်သည် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ အစရှိသည့် ဆေးလက်တွေ့အခြေခံပညာရပ်များကို တစ်နှစ်မှတစ်နှစ် ခွဲကာလအထိ ယခင်ကကဲ့သို့ သီးခြားသင်ကြားခြင်းမပြုတော့ဘဲ အခြေခံအုတ်မြစ် စာသင်နှစ်မှနောက်ဆုံးနှစ် အထိ သင်တန်းကာလတစ်လျှောက်လုံးတွင် သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဘာသာရပ်အသီးသီးကို ပေါင်းစည်းချိတ်ဆက်ပြီး သင်ကြားသွားမည်ဖြစ်သည့်အတွက် အလွန်ထိရောက်သည့် သင်ကြားမှုပုံစံဖြစ်ပါကြောင်း။

ယခုသင်ရိုးညွှန်းတမ်းအသစ်တွင် တက်ကြွစွာ အပြန်အလှန်ဆွေးနွေးမှုပုံစံဖြင့် သင်ကြားသင်ယူမှုပြုလုပ်ခြင်းကြောင့် သင်ယူသူများသည် ရောဂါတစ်ခု၊ ရောဂါနှင့် နီးနွယ်သောအကြောင်းအချက်များအပေါ်တွင် ဝေဖန်သုံးသပ်ဆင်ခြင်နိုင်မှု၊ ခွဲခြမ်းစိတ်ဖြာ တွေးခေါ်နိုင်မှု၊ ဆန်းသစ်ကွဲပြားစွာတွေးခေါ်နိုင်မှု စသည့် စွမ်းရည်များ ပိုမိုရရှိလာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဆေးပညာကျင့်ဝတ်များကို ခိုင်မြဲစွာသိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အကြောင်းခြင်းရာတစ်ရပ်အပေါ် ဝိုင်းဝန်းဝေဖန် ဆွေးနွေးခြင်းပုံစံဖြင့် သင်ကြားပေးသွားစေလိုပါကြောင်း။

ယခုစတင်သင်ကြားမည့် စနစ်သည် သင်ကြားသူဆရာ ဆရာမများနှင့် သင်ယူသူများ အကြားပွင့်လင်းရင်းနှီးသော ကောင်းမွန်သည့်ဆက်ဆံရေးကောင်းကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့်သင်ယူသူများထံမှ အခက်အခဲများ၊လိုအပ်ချက်များကို ပွင့်လင်းစွာ ထောက်ပြပြောဆိုမှု (feedback) များကို ရရှိနိုင်ရုံသာမက သင်ကြားသင်ယူမှုကို အထောက်အကူပြုသောပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ တက္ကသိုလ်များနိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အထူးပံ့ပိုးအားပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနရှိတက္ကသိုလ်များတွင် နိုင်ငံတကာနည်းတူ တက္ကသိုလ်ကိုယ်ပိုင်အီးမေးလ်များကို မကြာမီကာလအတွင်း ရရှိအသုံးပြုနိုင်တော့မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ရလဒ်အခြေပြု ပေါင်းစည်းချိတ်ဆက်သင်ရိုးညွှန်းတမ်းပေါ်ပေါက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးမောင်ဟန်က သင်ရိုးညွှန်းတမ်းရေးဆွဲဖြစ်ထွန်းလာမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ပြီး ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဒုတိယ ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာခင်မာမြင့်က သင်ရိုးညွှန်းတမ်းအသုံးပြု သင်ကြားရန် အသင့်ပြင်ဆင်ထားရှိမှုများကို တင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးအခြေခံ၊ ဆေးလက်တွေ့ အခြေခံနှင့်ဆေးလက်တွေ့ ဘာသာရပ်များမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများက သင်ရိုးညွှန်းတမ်းအသုံးပြု၍ သင်ကြားဆောင်ရွက်နိုင်ရေးအတွက် မေးမြန်းခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက် သင်ကြားခြင်းသင်ရိုးညွှန်းတမ်း ပေါ်ပေါက်လာရေးအတွက် ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ (၂၅)ကြိမ်နှင့် ကော်မတီအစည်းအဝေး အကြိမ် (၄၀) ပြုလုပ်ကာ ပညာရှင်များထံမှ အကြံပြုချက်များ ရယူကာရေးဆွဲခြင်း၊ နိုင်ငံတကာသို့ သွားရောက်လေ့လာခြင်းနှင့် အမေရိကန်နိုင်ငံ၊ Johns Hopkins တက္ကသိုလ်မှ ကျွမ်းကျင်သူပညာရှင်၏ အကြံပြုချက်ကို ရယူခြင်းတို့ဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် သင်ရိုးညွှန်းတမ်းအသုံးပြုသင်ကြားရန်လိုအပ်သော အခြေခံအဆောက်အဦများနှင့် ကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ သင်ကြားသူ ဆရာမ ဆရာမများအား လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်ကြား**

ဤသင်ရိုးညွှန်းတမ်းသစ်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစတင်၍ ဆေးတက္ကသိုလ်များတွင် ပထမ အခြေခံအုတ်မြစ်နှစ်မှ စတင်သင်ကြားသွားမည်ဖြစ်သည်။ ပထမ အခြေခံအုတ်မြစ်နှစ်မှ နောက်ဆုံးနှစ်အထိ ခြောက်နှစ်တာကာလအတွင်း ဆေးအခြေခံဘာသာရပ်များ၊ ဆေးလက်တွေ့အခြေခံဘာသာရပ်များနှင့် ဆေးလက်တွေ့ ဘာသာရပ်များအပြင် စမ်းသပ်စစ်ဆေးကုသမှုပညာရပ် ၊ လူမှုရေးနှင့် အပြုအမူပိုင်းဆိုင်ရာပညာရပ်၊ လူထုကျန်းမာရေးနှင့် မိသားစုဆေးပညာဘာသာရပ် ၊ဆေးပညာကျင့်ဝတ်နှင့်ပညာရှင်ပီသမှု ပညာရပ်အကြောင်းအရာများကိုလည်း သင်တန်းကာလတစ်လျှောက်လုံးထည့်သွင်း၍ ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်ကြားဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တာဝန်ခံ ဦးပြေဟိန်းနိုင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က လိုအပ်သည်များကို ဖြည့်စွက်တင်ပြပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တာဝန်ခံ ဦးဇော်ထွန်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ပဲခူးတိုင်းဒေသကြီးရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက အပတ်စဉ်ရုံးပိတ်ရက်များတွင် လာရောက်ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို ယဉ်ကျေးမှုထိန်းသိမ်းရာနေရာအဖြစ် အဆင့်မြှင့်တင်သွားနိုင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရှေ့ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ပြည်သူလူထုအား အသိပေးဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်းရှိ ပြုပြင်မွမ်းမံနေသည့် ပြည်ထောင်စုခန်းမ၊ နန်းမြင့်မျှော်စင်အတွင်းရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ လူပျိုဆောင်၊ အပျိုဆောင်များနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာမြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နန်းမြင့်မျှော်စင်အတွင်း ပြည်သူများလေ့လာနိုင်ရန် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများ စုံလင်စွာထားရှိရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနိုင်ရေးအတွက် လူပျိုဆောင်နှင့် အပျိုဆောင်များရှိ အိပ်ဆောင်၊ စားရိပ်သာများ သန့်ရှင်းစွာ ပြင်ဆင်ထားရှိရေးကို မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အောက်တိုဘာလမှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖျော်ဖြေရေးအစီအစဉ်များ အဆင့်မြှင့်တင်လျက်ရှိရာ တိုင်းရင်းသားရိုးရာ အဆို၊ အက၊ အလှများအပါအဝင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို မိဘပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ တိုင်းရင်းသားအဆိုပညာရှင်များ၊ မျက်လှည့်ပညာရှင်များကို ဖိတ်ခေါ်၍ သရုပ်ပြဝန်ထမ်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ် (၁) ဖွင့်လှစ်



ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကြသည်။

**နေပြည်တော် နိုဝင်ဘာ ၁၈**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

**သိနားလည်မှု ရှိရန်မှာ အလွန်အရေးကြီး**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်မှုမြန်ဆန်လာခဲ့သဖြင့် ပြည်သူအများစုမှာ သတင်းအချက်အလက်များ ရှာဖွေရန်နှင့်ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုရန်အတွက် လက်ကိုင်ဖုန်းများပေါ်မှတစ်ဆင့် အင်တာနက်ပေါ်ရှိ အွန်လိုင်းမီဒီယာများ အသုံးပြုလာကြပါကြောင်း၊ အွန်လိုင်းမီဒီယာများတွင် သတင်းမှားများ၊ ကောလာဟလများ၊ အမုန်းစကားများ၊ မသမာသောရည်ရွယ်ချက်ဖြင့် ထုတ်လွှင့်ထားသည့် သတင်းအတုများစသည်တို့နှင့် ပြည့်နှက်နေသဖြင့် အွန်လိုင်းမီဒီယာ အသုံးပြုသူတိုင်း မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရှိရန်မှာ အလွန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အင်တာနက်သုံးစွဲသူများဖြစ်ရန် လိုအပ်သဖြင့် ယခုသင်တန်းကို ပို့ချရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်းကို နိုဝင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး UNESCO နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပညာရှင်များက သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သိကောင်းစရာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သီရိလင်္ကာသမ္မတသစ် ကျမ်းသစ္စာ ကျိန်ဆို

**အနုရာဒပူရ နိုဝင်ဘာ ၁၈**
သီရိလင်္ကာသမ္မတသစ် ဂိုတာဘာယာ ရာဂျာပက်ဆာသည် ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် နိုင်ငံမြောက်ပိုင်း အနုရာဒပူရဒေသရှိ ၎င်း၏ အမာခံထောက်ခံသူများက ကြည်ညိုသည့် ရှေးဟောင်းဗုဒ္ဓဘာသာ ဘုရားကျောင်းတွင် တနင်္လာနေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

၎င်း၏အစ်ကို သမ္မတတာဝန်ယူခဲ့ချိန်က ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်၍ တမီလ်သူပုန်များကို နှိမ်နင်းခဲ့ပြီး ၃၇ နှစ်ကြာ ခွဲထွက်ရေးစစ်ပွဲကို ၂၀၀၉ ခုနှစ်တွင် အဆုံးသတ်ခဲ့သည့် စစ်ဆင်ရေးကို ဦးဆောင်ခဲ့သည့်အတွက် သမ္မတသစ် ဂိုတာဘာယာ ရာဂျာပက်ဆာကို ဆင်ဟာလာ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းက ချီးကျူးဂုဏ်ပြုကြသည်။

နောက်ဆုံးမဲရလဒ်များကို တနင်္ဂနွေနေ့က ကြေညာပြီးနောက် မိန့်ခွန်းပြောကြားရာတွင် သမ္မတသစ်က သီရိလင်္ကာနိုင်ငံသားအားလုံးအတွက် အလုပ်လုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ "ကျွန်တော့်ကို မဲပေးခဲ့ကြတဲ့သူတွေအတွက်တင်မဟုတ်ဘဲ၊ မဲမပေးတဲ့သူတွေအတွက်ပါ လူမျိုးဘာသာမရွေး အားလုံးအတွက် သမ္မတဖြစ်ပါတယ်" ဟု သမ္မတသစ်က ပြောကြားခဲ့သည်။ သီရိလင်္ကာပြည်သူများအားလုံးအတွက် တာဝန်ထမ်းဆောင်ဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

သောကြာနေ့က ကျင်းပသည့် ရွေးကောက်ပွဲတွင် နိုင်ငံ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသည့် တမီလ်လူမျိုးများက ဂိုတာဘာယာ ရာဂျာပက်ဆာကို ကန့်ကွက်မဲပေးခဲ့ကြသည်။ ၎င်း၏အစ်ကို သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဂိုတာဘာယာ ရာဂျာပက်ဆာသည် သဘောထား ကွဲလွဲသူများ၊ အတိုက်အခံများ၊ သတင်းစာဆရာများကို ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် သေမင်းတမန်တပ်ဖွဲ့ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ကို ထိန်းချုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**


သီရိလင်္ကာသမ္မတသစ် ဂိုတာဘာယာ ရာဂျာပက်ဆာ ကျမ်းသစ္စာကျိန်ဆိုစဉ်။

# အီဂျစ်၌ စူးအက်တူးမြောင်း ဖွင့်လှစ်သည့် နှစ်(၁၅၀)ပြည့် အခမ်းအနား ကျင်းပ

**ကိုင်ရို နိုဝင်ဘာ ၁၈**
အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုတွင် အချက်အချာကျသည့် စူးအက်တူးမြောင်း စတင်ဖွင့်လှစ်သည့် နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို အီဂျစ်နိုင်ငံ၌ နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သည်။

စူးအက်တူးမြောင်းစတင် ဖွင့်လှစ်ခဲ့သည့် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို အီဂျစ်နိုင်ငံ အစ္စမေးလီးယားမြို့နှင့် စူးအက်တူးမြောင်း တစ်လျှောက်တွင် နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြသည်။

ကမ္ဘာပေါ်တွင် ရေကြောင်းကူးသန်းရောင်းဝယ်မှု၌ ၉ ရာခိုင်နှုန်းနီးပါးမျှ အသုံးပြုနေသည့် စူးအက်တူးမြောင်းသည် အီဂျစ်နှင့် ကမ္ဘာ့နိုင်ငံများအကြား ကူးလူး ဆက်ဆံရာတွင် ထူးခြားထင်ရှားသည့် သင်္ကေတတစ်ခုဖြစ်ကြောင်း စူးအက်တူးမြောင်းအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အကြီးအကဲ အိုစမာရာဘေးက ပြောကြားသည်။

၁၈၆၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် စူးအက်တူးမြောင်းကို ဖွင့်လှစ်ခဲ့ပြီး ယင်းတူးမြောင်းသည် မြေထဲပင်လယ်နှင့် ပင်လယ်နီတို့အား ဆက်သွယ်ထားခြင်းဖြစ်သည်။ အာရှနှင့် ဥရောပတိုက်ဒေသအကြား ကူးလူးသွားလာသည့် ကုန်တင်ရေယာဉ်များသည် အာဖရိကတိုက်အား ရက်သတ္တ တစ်ပတ်ကြာမျှ ပတ်သွားရန် မလိုဘဲ ယင်းရေလမ်းကြောင်းကို အသုံးပြုသွား လာနိုင်ခဲ့ကြသည်။

ကီလိုမီတာ ၁၉၀ ကျော်မျှ ရှည်လျားသည့် စူးအက်တူးမြောင်းရေလမ်းကြောင်းကို အသုံးပြုကာ ၂၀၁၈ ခုနှစ်အတွင်း၌ ရေယာဉ် အရေအတွက် ၁၈၀၀၀ ကျော် ခုတ်မောင်းသွားလာခဲ့ကြသည်။

စူးအက်တူးမြောင်းအတွင်း၌ နှစ်လမ်းသွားရေကြောင်းဖြစ်ပေါ်ရေးအတွက် ရေလမ်းကြောင်း တိုးချဲ့တည်ဆောက်မှုများကို လွန်ခဲ့သည့် လေးနှစ်အတွင်းက တိုးချဲ့တည်ဆောက်ပြီးခဲ့သည်။ ယင်းသို့ ရေလမ်းကြောင်းများ တိုးချဲ့တည်ဆောက်ပြီးစီးမှုကြောင့် အဆိုပါ တူးမြောင်းကို အသုံးပြုသွားလာနေသည့် ရေယာဉ်များအနေဖြင့် အချိန်တိုအတွင်း လိုရာခရီးသို့ သွားရောက်နိုင်သည့် ရေလမ်းကြောင်းများကို အသုံးပြုလာနိုင်ခဲ့သည်။

အဆိုပါ တူးမြောင်းကို ပိုင်ဆိုင်သည့် အီဂျစ်အစိုးရသည် တူးမြောင်းဖြတ်သန်းခြင်းမှ ငွေများ အမြဲကရရှိနေပြီး တူးမြောင်းဒေသတစ်လျှောက်တွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို လုပ်ဆောင်နိုင်ကာ စူးအက်တူးမြောင်းဒေသတစ်လျှောက် ကုန်သွယ်ရေးဆိုင်ရာ အချက်အချာဒေသအဖြစ် ဖွံ့ဖြိုးမှုတိုးတက်စေနိုင်မည်ဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**





# ဗင်းနစ်မြို့ရေလွှမ်းမိုးမှု ကုန်ကျစရိတ် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်ရှိ

**ဗင်းနစ် နိုဝင်ဘာ ၁၈**
ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဒီရေစံချိန်တင်မြင့်တက်မှုမှတစ်ဆင့် ဖြစ်ပွားသည့် ဗင်းနစ်မြို့ရေလွှမ်းမိုးမှုကြောင့်ပျက်စီးခဲ့သည့် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်ရှိကြောင်း သိရသည်။

ရက်ပေါင်းများစွာ မိုးသည်းထန်မှုဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့် နိုဝင်ဘာ ၁၂ ရက်က အီတလီနိုင်ငံမြောက်ပိုင်း မြို့တော်ဗင်းနစ်သည် ဒီရေ ၁၈၇ စင်တီမီတာအထိ မြင့်တက်မှုကြောင့် ရေလွှမ်းမိုးမှုခံခဲ့ရသည်။ ယင်းမှာ ရာစုနှစ်တစ်ဝက်အတွင်း အမြင့်ဆုံးဒီရေတက်မှုဖြစ်သည်။

မိုးရွာသွန်းမှုဖြစ်ပွားပြီးနောက် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုသည် ယူရို ၁ ဘီလီယံခန့် သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ဗင်းနစ်မြို့တော်ဝန် ဘရူနာရိုက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၇ ရက်တွင်မူ ဗင်းနစ်မြို့၌ ဒီရေမြင့်တက်မှု အမြင့် စင်တီမီတာ ၁၅၀ အထိရှိခဲ့သည်။ ဗင်းနစ်မြို့သည် ၁၈၇၂ ခုနှစ်တွင် စံချိန်တင်ရေလွှမ်းခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ်သည် ရေလွှမ်းမှု အဆင့်အမြင့်ဆုံးနှင့် အဆိုးရွားဆုံးအခြေအနေကို တစ်ပတ်ကြာကြုံတွေ့ခဲ့ရကြောင်း မီဒီယာများက ဆိုသည်။

ဒီရေမြင့်တက်မှုကြောင့် နာမည်ကျော် စိန့်မာ့ခ်ရင်ပြင်အပါအဝင် ဗင်းနစ်မြို့ဧရိယာ၏ ၈၅ ရာခိုင်နှုန်းမှာ ရေအောက်ရောက်ခဲ့ရသည်။ စိန့်မာ့ခ်ရင်ပြင်ကိုလည်း နိုဝင်ဘာ ၁၇ ရက်တွင် ပိတ်ထားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ကွန်တီက နိုဝင်ဘာ ၁၄ ရက်တွင် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။

ဒီရေမြင့်တက်မှုကြောင့် ဗင်းနစ်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်း ၅၀ ကျော် ပျက်စီးခဲ့ရကြောင်းနှင့် ဗင်းနစ်မြို့အား ပြင်ဆင်မှုများ ပြုလုပ်ရန် ကုန်ကျစရိတ်မှာလည်း ကြီးမားလိမ့်မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး ဒါရီယိုဖရန်စက်ချီနီက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ကယ်လီဖိုးနီးယား၌ ပစ်ခတ်မှုဖြစ်၊ လေးဦးသေ၊ ခြောက်ဦး ဒဏ်ရာရ

**လော့အိန်ဂျလိစ် နိုဝင်ဘာ ၁၈**
အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့၏မြောက်ဘက် ကီလိုမီတာ ၃၅၀ ခန့်အကွာ ဖရက်စ်နိုမြို့တွင် ယမန်နေ့က မိသားစုစုံညီပွဲတစ်ခု၌ သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

သေနတ်ပစ်ခတ်မှုမှာ လူပေါင်း ၃၅ ဦးခန့်က နေအိမ်တစ်ခု၌စုစည်းကာ ဘောလုံးပွဲကြည့်ရှုနေချိန် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖရက်စ်နိုရဲဌာနမှ ဒုတိယအကြီးအကဲ မိုက်ကယ်ရိဒ်က ပြောသည်။ သေနတ်သမားတစ်ဦးသည် ပါတီပွဲကျင်းပရာနေအိမ်သို့ ခြေကျင်လျှောက်၍ ချဉ်းကပ်လာပြီး အိမ်အတွင်းသို့ ခိုးကြောင်ခိုးဝှက်ဝင်ရောက်ကာ သေနတ်ပစ်ခတ်ပြီး ထိုနေရာမှထွက်ပြေးသွားသည်ဟု ကနဦးသတင်းအချက်အလက်များက ပြသနေကြောင်း ၎င်းက ပြောသည်။ အသက် ၂၀ နှစ်မှ ၃၅ နှစ်အရွယ်ရှိ အာရှနွယ်ဖွား အမျိုးသားသုံးဦးမှာ အခင်းဖြစ်ရာနေရာ၌ သေဆုံးခဲ့ပြီး နောက်ထပ်တစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့ကြောင်း မိုက်ကယ်က ဆိုသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့် အီရန်နိုင်ငံတွင် အခြေအနေများမှာ တည်ငြိမ်စပြုလာ

**တီဟီရန် နိုဝင်ဘာ ၁၈**
လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့် အီရန်နိုင်ငံတွင် အခြေအနေများမှာ ငြိမ်သက်သည့်ဘက်သို့ ဦးတည်လာသော်လည်း အဓိကရုဏ်းများ ဖြစ်ပွားနေဆဲဖြစ်သည်။ အဆိုပါ အဓိကရုဏ်းများဖြစ်ပွားစဉ်အတွင်း ဘဏ်များအား မီးရှို့ခြင်း၊ လမ်းများအား ပိတ်ဆို့ခြင်းနှင့် ဈေးဆိုင်များအား လုယက်ခြင်းတို့ကို ဆူပူဆန္ဒပြသူများက ဆောင်ရွက်ခဲ့သည်။ အီရန်တော်လှန်ရေးတပ်ဖွဲ့၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ် ဂိုလန်ရီဇာ ဆိုလီမန်နီက အီရန်၏ ရန်သူဖြစ်သော အမေရိကန်သည် အီရန်နိုင်ငံတွင် မငြိမ်မသက်ဖြစ်စေရန် လှုံ့ဆော်သော်လည်း အမေရိကန်၏ အကြံအစည်ပျက်ပြားသွားကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်မှ အမေရိကန်တစ်ဖက်သတ်နုတ်ထွက်ရန် ဆောင်ရွက်ပြီးနောက် ပြီးခဲ့သည့်နှစ် မေလမှ စတင်ပြီး အီရန်၏ စီးပွားရေးမှာ ကျပ်တည်းခဲ့သည်။ အီရန်တာဝန်ရှိသူများအနေဖြင့် လူ ၂၀၀ ခန့်အား ဖမ်းဆီးပြီး အင်တာနက်သုံးစွဲမှုအား ပိတ်ပင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက အီရန်၏ ဆန္ဒပြသူများအပေါ် နှိမ်နင်းရေးတပ်ဖွဲ့များ အသုံးပြုပြီး နှိမ်နင်းခြင်းအပေါ် ကန့်ကွက်ခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် အီရန်ပြည်သူများ၏ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းအပေါ် ထောက်ခံကြောင်း အိမ်ဖြူတော် သတင်းပြန်ကြားရေးတာဝန်ခံ စတက်ဖ်နီဂရီရှန်းက ပြောကြားသည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၏ တွစ်တာပေါ်တွင် ရေးသားချက်ဖြစ်သော အမေရိကန်က ခင်ဗျားတို့နဲ့အတူရှိနေတယ် ဟူသောရေးသားချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရှုတ်ချခဲ့သည်။ အီရန်သမ္မတ ဟာဆန်ရိုဟာနီက ယခုကဲ့သို့ လောင်စာဆီဈေးနှုန်းများမြှင့်တင်ခဲ့ခြင်းမှာ သန်း ၆၀ ခန့်ရှိ အီရန်ပြည်သူများအား ထောက်ပံ့ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# မိုးခေါင်ရေရှားဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိစေရေး မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**
မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှားဘေးနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ဖလှယ်မျှဝေရန်နှင့် အာဆီယံအဆင့် မိုးခေါင်ရေရှားဘေးကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချနိုင်ရန် ရည်ရွယ်၍ မိုးခေါင်ရေရှားမှုဘေးဒဏ် ခံနိုင်ရည်ရှိစေရေး အတွက် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပ သည်။

**အတွေ့အကြုံဖလှယ်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိုးခေါင်ရေရှားမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများကို မြန်မာနိုင်ငံအပါအဝင် အာဆီယံ နိုင်ငံအချို့တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက် မိပါကြောင်း၊ ယနေ့အစည်းအဝေးသည် မိုးခေါင်ရေရှား ဘေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် အရေး အကြီးဆုံးနှင့် ပထမဦးဆုံးခြေလှမ်း ဖြစ်ပါကြောင်း၊ Ready for the Dry Years: Building Resilience to Drought in South–East Asia အစီရင်ခံစာပါတွေ့ရှိချက်များနှင့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများ၏ အတွေ့အကြုံကိုဖလှယ်မျှဝေရန်ဖြစ် ပါကြောင်း၊ ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှား ဘေးအတွက် စီမံခန့်ခွဲမှုများနှင့် ဒေသတွင်းမိုးခေါင်ရေရှား ဘေးကြောင့် လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးမှုများ လျှော့ချပေးနိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေး ပေးကြစေလိုကြောင်း၊ ၂၀၁၅ ခုနှစ်များတွင် အယ်လ်နီညို ကျရောက်မှုကြောင့် အပူပြင်းဆုံးနှစ်များဖြစ်ခဲ့ပြီး အပူပိုင်း ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်သာမက အခြားသောမြစ်ဝကျွန်းပေါ်ဒေသများတွင်ပါ ရေရှားပါးမှု ပြဿနာများကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတစ်ဝန်းဖြစ်ပွားသည့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲနိုင်ရေးအတွက်မူဝါဒနှင့် မဟာဗျူဟာများချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖြေရှင်းဆောင်ရွက်**

မိုးခေါင်ရေရှားဘေးအတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် မီဒီယာများ၊ အသိပေးစကားဝိုင်းများ၊ လက်ကမ်း စာစောင်များ၊ နံရံကပ်ပိုစတာများနှင့် မိုဘိုင်းအက်ပလီ ကေးရှင်းများမှတစ်ဆင့် အသိပေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ နွေရာသီကာလတွင် ပြည်သူလူထု အတွက် အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်နှင့်သားသည်မိခင်များ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို များအတွက် အပူရှောင်စခန်းများ ဆောက်လုပ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်တုံ့ပြန်ရေးအနေ ဖြင့် ရေတွင်းရေကန်များတူးဖော်ခြင်း၊ ရေကန်များ ပြန်လည် ပြုပြင်ခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းတို့ကို တပ်မတော်၊ မီးသတ်ဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအရင်း အမြစ် စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ပုဂ္ဂလိကနှင့် လူမှုရေးအဖွဲ့




အစည်းများနှင့် ပူးပေါင်း၍ ကျေးလက်နှင့် မြို့ပြဒေသများ တွင် ရေရှားပါးမှု ပြဿနာများအတွက် ဖြေရှင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြောင်းလဲလာ သည့် ရာသီဥတုနှင့်လျော်ညီစွာ မိုးခေါင်ရေရှားဘေးစီမံခန့်ခွဲ မှုအတွက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မြော်တွေးဆောင်ရွက်ပေးကြရန် တိုက်တွန်း ပါကြောင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် UNESCAP ကလည်း ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ပေးရန် ပြောကြား သည်။

ထို့နောက် United Nations Economic and Social Commission for Asia and Pacific–UNESCAP ၏ Chief of Space Applications ဖြစ်သူ Mr. Keran Wang က အစီရင်ခံစာတွင် မိုးခေါင်ရေရှားဘေးလေ့လာဆန်းစစ်မှု ဆောင်ရွက်ခဲ့သည့် အာဆီယံနိုင်ငံများအနက် နိုင်ငံတော် အဆင့်မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောင်ရွက်နိုင်သည့် အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိုးခေါင်ရေရှားဘေး ကျရောက်ခြင်းသည် လူမှုစီးပွားရေး အပေါ် များစွာဆိုးကျိုး သက်ရောက်မှုများရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးကို ဦးစားပေးသည့် နိုင်ငံများအတွက် ပို၍ အရေးကြီးပါကြောင်း၊ ESCAP အနေဖြင့် အာဆီယံဒေသများ တွင် ကာလကြာမြင့်စွာ အချိန်ယူဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိုးခေါင်ရေရှားဘေး အတွက် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲများကို အခြားသော အာဆီယံနိုင်ငံများတွင်လည်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်း လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံတွင် မိုးခေါင် ရေရှားဘေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက် ထားရှိမှုကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့မှ တာဝန်ရှိသူများကလည်းကောင်း၊ မိုးခေါင်ရေရှားဘေး အစီရင်ခံစာနှင့် စပ်လျဉ်း၍ UNESCAP နှင့်ပူးပေါင်း၍ အာဆီယံအဆင့် မိုးခေါင်ရေရှားဘေးအတွက် ဆောင်ရွက် မည့် ရှေ့လုပ်ငန်းစဉ်အား အာဆီယံအတွင်းရေးမှူးချုပ်ရုံး တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မောင်တောဒေသခံများနှင့် မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ

**စစ်တွေ နိုဝင်ဘာ ၁၈**
စစ်တွေမြို့၌ ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာ နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် မောင်တောမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အထူးကိုယ်စားလှယ်တို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ညှိနှိုင်းခန်းမ၌ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်ဌေးတို့နှင့်တွေ့ဆုံကာ တစ်နှစ် တာကာလအတွင်း မောင်တောဒေသတွင် တိုးတက် ပြောင်းလဲလာမှုအခြေအနေများ၊ နယ်မြေတည်ငြိမ်အေးချမ်း မှုနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာမှု အခြေ အနေများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် မောင်တော



မြို့နယ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ ထိုင်လျက်ရှိနေ သည့် ဒေသခံတိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံပြီး နယ်မြေတည်ငြိမ် အေးချမ်းမှုအခြေအနေများ၊ စားဝတ်နေရေးအခြေအနေများ၊ အစိုးရ၏ ထောက်ပံ့ဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် တစ်ဖက်နိုင်ငံ မှ မိမိတို့သဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာ သည့် နေရပ်စွန့်ခွာသူ မိသားစုဝင်များနှင့် ဆက်လက်တွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်က မိမိတို့ သဘောဆန္ဒအလျောက်ပြန်လည် ဝင်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများအား ၎င်းတို့၏ လက်ရှိစားဝတ်နေရေးနှင့် အခက်အခဲများ၊ အစိုးရ၏ ထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တစ်ဖက်နိုင်ငံတွင်ရောက်ရှိစဉ်က ကြုံတွေ့ ခံစားခဲ့ရမှု အခြေအနေများနှင့်စပ်လျဉ်း၍မေးမြန်းပြီး ၎င်း မိသားစုဝင်များအနက်မှ အမျိုးသမီးများအား သီးခြား တွေ့ဆုံမေးမြန်းခဲ့သည်။


မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အထူးကိုယ်စားလှယ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည် ရောက်ရှိကြသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် စစ်တွေ မြို့ရှိ ရခိုင်ပြည်နယ် လွှတ်တော်သို့ သွားရောက်ပြီး ရခိုင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ညှိနှိုင်းခန်းမ၌ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဥက္ကဋ္ဌ ဦးမြသန်း တို့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုက်ပွဲရှောင်များအရေး၊ အပစ်အခတ် ရပ်စဲရေးနှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆိုင်ရာများ၊ တစ်ဖက်နိုင်ငံသို့ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာမည့်အပေါ် သဘောထားအမြင်များ၊ မကြာမီကျင်းပမည့် ၂၀၂၀ ရွေးကောက်ပွဲအပေါ် သဘော ထားအမြင်များနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်လာနိုင် သည့် ရွေးကောက်ပွဲအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–ဇင်ဦး(မြန်မာ့အလင်း)**

ငွေကြည် လောကကြီးမှာဗျာ



## သပိတ်ကျင်း၊ နောင်ချို၊ တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက သပိတ်ကျင်းမြို့နယ် သစ်ခွဲပင်ကျေးရွာနှင့် တောင်လယ်ကျေးရွာကြား မိုးမိတ်-တွင်းငယ်သွားကားလမ်းတွင် အမျိုးသား တစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်စဉ် ၎င်းမှာ ဆိုင်ကယ်အားလှဲချပြီး လမ်းဘေးရှိ တောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်ကို စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း။

**နောင်ချို**

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ညီညီဇော် မောင်းနှင်ပြီး ဇော်မင်းထိုက် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နေထွန်း(ခ)သားငယ် မောင်းနှင်ပြီး မျိုးမင်းသူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၆၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**တာချီလိတ်**

ထို့အတူ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဟဲ ကျေးရွာအုပ်စု ကျစီးကျေးရွာအနီးရှိ လင်းဘို(ခ)ကျဟဲ၏ တောင်ယာတဲအား ရှာဖွေရာ စိတ်ကြွဆေးအကြေမှုန့် သုံးကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများအား တွေ့ရစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

သစ်တောဦးစီးဌာနသည် ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၁၃ ရက်က စတင်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရေးကို သစ်တောဝန်ထမ်းများနှင့် နယ်မြေတာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်တာအတွင်း ဆောင်ရွက်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝန်းသို-နမ်းခမ်းသွား ကားလမ်းဝန်းကျင်နှင့် နမ်းခမ်းကြိုးဝိုင်းအတွင်း၌ သုံးဘီးဆိုင်ကယ်လေးစီးပေါ်မှ ကျွန်းခွဲသား ၃ ဒသမ ၉၇၈၈ တန်ကိုလည်းကောင်း၊ ကလေးခရိုင် ကလေးဝမြို့နယ် ကလေးဝ-ရေဦးကားလမ်း မိုင်တိုင်အမှတ်(၇၈/၁)အနီးနေရာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တမလန်းခွဲသား ၇ ဒသမ ၈၇၁၀ တန်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ဘုဘောင်ကျောမဒေး ကြိုးဝိုင်းအကွက်အမှတ် (၅/၁၁) တို့အတွင်း ကျွန်းနှင့် ပျဉ်းကတိုးခွဲသား ၇ ဒသမ ၆၈၃၈ တန်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း။

ထို့အတူ ကယားပြည်နယ် ဘော်လခဲမြို့နယ် ရွာသစ်ကျေးရွာ၏ ခြောက်ဘက် သံလွင်မြစ်အနောက်ဘက် နေရာမှ ကျွန်းနှင့် ပိတောက်သစ် ၁၀ ဒသမ ၂၁၉ တန်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်လူမော်**

နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် သာစည်အုပ်စု မြဂနိုင်ကျေးရွာ၌ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးအောင်ဇော်ထွန်းက ရာအိမ်မှူးနှင့် ကျေးရွာသူ ကျေးရွာသားများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

ခွန်းဆက်နေ



## ငွေဆောင်မြို့၌ ကျပ် တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိ

**ငွေဆောင် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ရဲစခန်းပိုင်နယ်မြေအတွင်း နိုဝင်ဘာ ၁၇ ရက်က ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငွေဆောင်မြို့ ရွှေဖားကျေးရွာနေ ကိုအောင်(ခ) ကိုချစ်မောင်မောင်က ၎င်းရောင်းချသော စက်သုံးဆီ အရောင်းဆိုင်တွင် နိုဝင်ဘာ ၁၆ ရက်တွင် လူတစ်ဦးက ကျပ်တစ်သောင်းတန်ဖြင့် ဆီ ကျပ် ၁၀၀၀ ဖိုးဝယ်ယူခဲ့ကြောင်း၊ အဆိုပါ ကျပ်တစ်သောင်းတန်မှာ အတုဟု ယူဆရသဖြင့် နယ်မြေရဲစခန်းသို့ လာရောက်သတင်းပို့တိုင်တန်းခဲ့ကြောင်း၊ အလားတူ ယင်းနေ့က စားသောက်ဆိုင်ဝန်ထမ်း မိုးဒီ(ခ) ထက်ကိုမောင်၏ စားသောက်ဆိုင်သို့ လေ့လုပ်သား ကျော်မြင့်သူက ပေးအပ်သွားသော ငွေစက္ကူများတွင် ကျပ်တစ်သောင်းတန်ငွေစက္ကူအတု တစ်ရွက်ပါရှိသဖြင့် နယ်မြေရဲစခန်းသို့ လာရောက်အပ်နှံတိုင်တန်းခဲ့ကြောင်း သိရသည်။



ငွေစက္ကူအတုများကို ကိုင်ဆောင်သုံးစွဲသူ ကျော်မြင့်သူအား နယ်မြေရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းမှ ကိုအောင် ဆီဆိုင်နှင့် ဆံရှည်စားသောက်ဆိုင်တို့တွင် ငွေရှင်းစဉ်က သုံးစွဲခဲ့ကြောင်း၊ သုံးစွဲပြီး ကျန်ရှိသော ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများအား နေအိမ်နောက်ဖေးထင်းရုံတွင် ထားရှိကြောင်း ထွက်ဆိုချက်အရ နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မျိုးနှင့်အဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ မြေကြီးအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ပိုးထားသည့် ကျပ်တစ်သောင်းတန်ငွေစက္ကူအတု ၃၉ ရွက်တို့ကို တွေ့ရှိသိမ်းဆည်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငွေဆောင်နယ်မြေရဲစခန်းမှ သိရသည်။ **ရောဦးသာ**

## ကသာမြို့၌ သုံးဘီးဆိုင်ကယ်တစ်စီး မီးလောင်

**ကသာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မြောက်ပိုင်းရပ်ကွက် အောင်သပြေလမ်း ကြည်လင်သောက်ရေသန့် လုပ်ငန်းအိမ်ရှေ့၌ ရပ်ထားသော သုံးဘီးဆိုင်ကယ်တစ်စီးသည် ယမန်နေ့ ည ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုတွင် ကြည်လင်သောက်ရေသန့်လုပ်ငန်းသုံး သုံးဘီးဆိုင်ကယ် အင်ဂျင်ခေါင်းပိုင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးက မီးရှို့ပြီး ထွက်ပြေးခဲ့ကြောင်းနှင့် ကသာမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟန်မျိုးကျော်(ကသာ)**

## ကျောင်းကုန်းမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ကျောင်းကုန်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ယမန်နေ့ မွန်းလွဲပိုင်းက စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၄၉) မူးယစ်တပ်ဖွဲ့စု (ပုသိမ်)မှ ရဲမှူးတင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ကျောင်းကုန်း-သုံးခွ-အသုတ် ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ကျောင်းကုန်းမှ သုံးခွ-အသုတ်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဆန်းနိုင်စိုးထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၄၉ ပြား (၄ ဒသမ ၉ ဂရမ်ခန့်)အား သိမ်းဆည်းရမိခဲ့ပြီး ချစ်ကို(ခ)ကုလားလေးနှင့် အောင်ကျော်သက်(ခ)ကျော်ကျော်တို့က ရောင်းချစေခိုင်းခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့သုံးဦးအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်(မြောက်) ရပ်ကွက် အင်ကြင်းလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၆ ရက်က ရပ်ကွက်နေ ပြည်သူများအား စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ကျော်မိုးဝေက မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးရှင်းလင်းဟောပြောစဉ်။

ကိုဌေး

## ကြံခင်းမြို့၌ နေအိမ်သုံးလုံးနှင့် ဂိုဒေါင်တစ်လုံး မီးလောင်

**ကြံခင်း နိုဝင်ဘာ ၁၈**

ကြံခင်းမြို့နယ် ရွာသစ်ရပ်ကွက် သာယာကွက်သစ်(၄) လမ်းတွင် နိုဝင်ဘာ ၁၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးကျော်ဝင်းအောင် ပိုင်ဆိုင်သောနေအိမ်ရှိ ချည်စနှင့် လဲမှိုများ သိုလှောင်ထားသော ဂိုဒေါင်မှ မီးစတင်လောင်ခဲ့ရာ နေအိမ်သုံးလုံးနှင့် ဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းအိမ်အား ငှားရမ်းနေထိုင်သည့် ဟန်မင်းအောင်အား ကြံခင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရောဦးသာ**

## သုဝဏ္ဏဝတီမြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်၌ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းမြင့်နှင့် ပူးပေါင်းအဖွဲ့က ပဲခူးစုပိုင်း သုခိတာလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် သက်ပိုင်ဒွေး မောင်းနှင်ပြီး ချစ်ရဲသူနှင့် အေးမင်းပိုင် သိမ်ဆိပ်ရပ်ကွက်နေသူတို့ လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရာ ချစ်ရဲသူ၏ ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွဆေးပြား သုံးပြားကို တွေ့ရှိခဲ့သည်။ အေးမင်းပိုင်ထံမှ မူးယစ်ဆေးဝါး အသုံးပြုရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများကိုတွေ့ရှိရသည့်အပြင် ကွင်းဆက်အဖြစ် သက်ပိုင်ဒွေး၏ နေအိမ်တဲအတွင်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းထားကြောင်း သိရှိရ၍ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၁၅ ပြားအား တွေ့ရှိရသဖြင့် ၎င်းတို့သုံးဦးအား သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

လုပ်ငန်းအတွေ့အကြုံမရှိသူများအတွက် သတင်းကောင်း

VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

အလူမီနီယံ အလုပ်သင် လုပ်သား - ၅၀ ဦး ...အမြန်လိုအပ်နေပါသည်။
လစာ - တစ်သိန်းခွဲ Job Ref No: 29P265

အသေးစိတ်သိလိုပါက... www.vacjobsearch.com ...သို့ဝင်ရောက်ကြည့်ရှုပါ
အီးမေးလ် : cv@vacjobsearch.com ဖုန်း - ၀၁-၈၃၉၅၉၂၉

# ကျိုတိုမှ ပေးစာများ - ၃

## (ဂျပန်ဖောင်ဒေးရှင်း)

■ **အောင်အောင် IR**

ကျိုတိုမှ ပေးစာများအမှတ်စဉ် -၃ တွင် ဂျပန်ဖောင်ဒေးရှင်း (The Japan Foundation) အကြောင်း ရေးသားတင်ပြပါမည်။ ဂျပန်ဖောင်ဒေးရှင်းသည် စာရေးသူအား ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် (Kyoto University) ၏ အရှေ့တောင်အာရှဒေသလေ့လာရေးစင်တာ (Center for Southeast Asian Studies – CSEAS)တွင် ဧည့်သုတေသီအဖြစ် ခြောက်လကြာ တာဝန်ထမ်းဆောင်နိုင်ရန် ငွေကြေးအပြည့်အဝကူညီပံ့ပိုးသောအဖွဲ့အစည်း ဖြစ်ပါသည်။

စာရေးသူ ယခုအချိန်အထိ ဘဝတွင် ဧည့်သုတေသီအဖြစ် နိုင်ငံသုံးနိုင်ငံတွင် သုံးကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ၂၀၁၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တော် Institute for Security and Development Policy (ISDP) တွင် ဧည့်သုတေသီအဖြစ် နှစ်လကြာတာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ တွင် စင်ကာပူနိုင်ငံ ISEAS–Yusok Ishak Institute တွင် ဧည့်သုတေသီအဖြစ် လေးလကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခု ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံ ကျိုတိုမြို့ Center for Southeast Asian Studies (CSEAS) တွင် ဧည့်သုတေသီအဖြစ် ခြောက်လကြာ တာဝန်ထမ်းဆောင်ခြင်းဖြစ်ပါသည်။




ဆွီဒင်တွင် တာဝန်ထမ်းဆောင်စဉ် ISDP က ဖိတ်ကြားခြင်းဖြစ်ပြီး သူတို့ရုံးမှာပင် ရုံးတက်၊ သူတို့ကပင် ထောက်ပံ့ကြေးငွေပေးအပ်ပါသည်။ စင်ကာပူတွင် တာဝန်ထမ်းဆောင်စဉ် ISEAS က ဖိတ်ကြားခြင်းဖြစ်ပြီး သူတို့ရုံးမှာပင် ရုံးတက်၊ သူတို့ကပင် ထောက်ပံ့ကြေးငွေ ပေးအပ်ပါသည်။

ဆိုလိုသည်မှာ တစ်ရုံးတည်းတွင် ကိစ္စအားလုံးပြီးပါသည်။ ယခုဂျပန်တွင် စာရေးသူကို ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းဖြစ်သော ဂျပန်ဖောင်ဒေးရှင်းမှာ တိုကျိုမြို့တော်တွင် အခြေစိုက်သော်လည်း စာရေးသူအလုပ်လုပ်ရမည့် ရုံး (တက္ကသိုလ်) မှာ တိုကျိုမြို့တော်မှ ၄၅၆ ဒသမ ၄၃ ကီလိုမီတာ ကွာဝေးသော ဂျပန်၏ ရှေးဟောင်းမြို့တော် ကျိုတိုမြို့တွင်ဖြစ်လေရာ တစ်နေရာတည်းနှင့် ကိစ္စမပြီးဘဲ ရုံးနှစ်ခု၏ စီမံဌာနများအကြား ဆက်သွယ်ဆောင်ရွက်ရပါသည်။

### ဂျပန်ဖောင်ဒေးရှင်း

ဂျပန်ဖောင်ဒေးရှင်းသည် ဂျပန်နိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် တည်ထောင်ထားသော အများပြည်သူဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဂျပန်နှင့် ကျန်ကမ္ဘာ့နိုင်ငံများအား ပညာရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်ဆိုင်ရာများကို ပေါင်းကူးပေးနေသော ဂျပန်နိုင်ငံ၏ တစ်ခုတည်းသော အဖွဲ့အစည်းလည်း ဖြစ်သည်။

ဖောင်ဒေးရှင်း၏ ဆောင်ပုဒ်မှာ "ကမ္ဘာကြီးနှင့် ဂျပန်နိုင်ငံအကြား မိတ်ဆွေဖြစ်မှု၊ ချစ်ကြည်ရင်းနှီးမှုများကို ပြုစုပျိုးထောင်ခြင်း" (Cultivating friendship and ties between Japan and the world) ဖြစ်သည်။ ထိုရည်မှန်းချက်၊ ဆောင်ပုဒ်ကို ပေါက်မြောက်အောင်မြင်စေရန် ဂျပန်ဖောင်ဒေးရှင်းသည် တွေ့ဆုံဆက်သွယ်မှုများ၊ ဘာသာစကားအစီအစဉ်များ၊ ယဉ်ကျေးမှုအစီအစဉ်များမှတစ်ဆင့် ကမ္ဘာတစ်လွှား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဖောင်ဒေးရှင်းကို ၁၉၇၂ ခုနှစ် အောက်တိုဘာလတွင် အထူးအဖွဲ့အစည်းတစ်ရပ်အဖြစ် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ဂျပန်ဖောင်ဒေးရှင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကင်းလွတ်ကာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဂျပန်အစိုးရမှထောက်ပံ့သော ယန်း ၇၈ ဘီလီယံ မတည်ငွေအား အခြေပြု၍ နှစ်စဉ်အစိုးရ၏ ထောက်ပံ့ကြေးငွေများ၊ ရင်းနှီးမြှုပ်နှံငွေကြေးများ၊ အခြားသောပုဂ္ဂလိကကဏ္ဍမှ အလှူငွေကြေးများဖြင့် ဂျပန်ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်တာများကို လည်ပတ်နေပါသည်။ ဂျပန်ဖောင်ဒေးရှင်း၏ ရုံးချုပ်သည် တိုကျိုမြို့တော် တွင်တည်ရှိပြီး နောက်ရုံးခွဲတစ်ခုသည် စာရေးသူနေထိုင်သော ကျိုတိုမြို့တွင် တည်ရှိပါသည်။ ထို့အပြင် ဆိုင်တာမမြို့ (Saitama) တွင် Urawa နှင့် အိုဆာကာမြို့ (Osaka) တွင် Kansai ဟူသော ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်ဘာသာသင် ကျောင်းနှစ်ကျောင်းလည်း တည်ထောင်ထားရှိပါသည်။

ကမ္ဘာတစ်လွှားတွင်လည်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် ဂျပန်ဖောင်ဒေးရှင်း၏ ရုံးခွဲ ၂၅ ခုကို ဖွင့်လှစ်ထားရှိသည်။ မြန်မာနိုင်ငံရှိ ဂျပန်ဖောင်ဒေးရှင်းရုံးခွဲကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လကတည်းက ရန်ကုန်မြို့တွင် ဖွင့်လှစ်အစပျိုးခဲ့သော Japan Culture House ၏ လုပ်ငန်းဆောင်တာများ တည်တံ့တိုးတက်ကောင်းမွန်စေရေးနှင့် အခြားသောယဉ်ကျေးမှုနှင့် ဘာသာစကားဖလှယ်ရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဖောင်ဒေးရှင်း(ရုံးချုပ်)သည် ကမ္ဘာတစ်လွှား ပြည်သူများနှင့် ဆက်သွယ်ရာတွင် ယဉ်ကျေးမှုနှင့် အနုပညာအပြန်အလှန်လဲလှယ်ခြင်း (Arts and Cultural Exchange)၊ နိုင်ငံရပ်ခြားတွင် ဂျပန်ဘာသာသင်အစီအစဉ်များ ကူညီဆောင်ရွက်ခြင်း (Japanese–Language Education Overseas)၊ ဂျပန်လေ့လာရေးနှင့် ပညာရှင်များ အပြန်အလှန်ဖလှယ်ခြင်း (Japan Studies and Intellectual Exchange)ဟူသည့် အစီအစဉ်သုံးမျိုးမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သည်။ စာရေးသူသည် တတိယအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဂျပန်လေ့လာရေးအစီအစဉ်မှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။

စာရေးသူရှေ့တွင် စာရေးသူကဲ့သို့ ဧည့်သုတေသီတာဝန်မျိုး ဂျပန်ဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံမှ ဘယ်နှဦး ဂျပန်တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်ခဲ့သနည်းဟု တာဝန်ရှိသူများထံ မေးမြန်းသော်လည်း တိကျရေရာသောအဖြေ မရပါချေ။ သို့ဖြင့် ဂျပန်နိုင်ငံရောက်မှ ဂျပန်ဖောင်ဒေးရှင်း၏ အချက်အလက်များကို ၁၀ နှစ်စာ မွှေနှောက်ရှာဖွေရာ အောက်ပါအတိုင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ်အတွက် စာရေးသူကဲ့သို့ ဂျပန်ဖောင်ဒေးရှင်း၏ ဂျပန်လေ့လာရေး ထောက်ပံ့ကြေးရရှိသော အာရှတိုက်မှ နိုင်ငံတကာသုတေသီစုစုပေါင်း ၂၆ ဦး ရှိသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံမှ စာရေးသူတစ်ဦးတည်းရရှိခြင်းဖြစ်ပြီး စာရေးသူမှလွဲ၍ ကျန်သူအားလုံးမှာ တက္ကသိုလ်အသီးသီးမှ ပရော်ဖက်ဆာများ၊ ကထိကများ ဖြစ်ကြသည်။

၂၀၁၈ ခုနှစ်အတွက် ထောက်ပံ့ကြေးရရှိသူ သုတေသီစာရင်းကို လေ့လာကြည့်ရာ အာရှတိုက်မှ ၁၅ ဦး (မြန်မာမပါ)၊ ၂၀၁၇ ခုနှစ်တွင် ၁၈ ဦး (ရတနာပုံတက္ကသိုလ်မှ လက်ထောက်ကထိကတစ်ဦး)၊ ၂၀၁၆ ခုနှစ်တွင် ၄၃ ဦး (မန္တလေး

**မြန်မာနိုင်ငံရှိ ဂျပန်ဖောင်ဒေးရှင်းရုံးခွဲကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လကတည်းက ရန်ကုန်မြို့တွင် ဖွင့်လှစ်အစပျိုးခဲ့သော Japan Culture House ၏ လုပ်ငန်းဆောင်တာများ တည်တံ့တိုးတက်ကောင်းမွန်စေရေးနှင့် အခြားသော ယဉ်ကျေးမှုနှင့် ဘာသာစကားဖလှယ်ရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ . . .**

တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ)၊ ၂၀၁၅ ခုနှစ်တွင် ၄၇ ဦး (မြန်မာမပါ)၊ ၂၀၁၄ ခုနှစ်တွင် ၄၄ ဦး (မြန်မာမပါ)၊ ၂၀၁၃ ခုနှစ်တွင် ၅၁ ဦး (ECCDI မှ ပါမောက္ခ တစ်ဦး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခတစ်ဦး)၊ ၂၀၁၂ ခုနှစ် တွင် ၅၆ ဦး (ဒဂုံတက္ကသိုလ်မှ ပါမောက္ခတစ်ဦး)၊ ၂၀၁၁ ခုနှစ်တွင် ၆၂ ဦး (မန္တလေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခတစ်ဦး၊ ရန်ကုန်တက္ကသိုလ်မှ ကထိက တစ်ဦး၊ ပြည်တက္ကသိုလ်မှ လက်ထောက်ကထိကတစ်ဦး၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခတစ်ဦး)၊ ၂၀၁၀ ပြည့်နှစ်တွင် ၇၂ ဦး(Association for Aid and Relief–Japan မှ လက်ထောက်ပရောဂျက်ဝန်ထမ်းတစ်ဦး) စသဖြင့်လေ့လာတွေ့ရှိရသည်။

ခြုံပြီးပြောရလျှင် ဂျပန်ဖောင်ဒေးရှင်းမှ ပေးအပ်သော သုတေသီအခွင့်အလမ်းကို များသောအားဖြင့် အစိုးရတက္ကသိုလ်၊ သုတေသနအဖွဲ့အစည်းများမှ ပါမောက္ခများ၊ ကထိကများကရရှိသည်ဖြစ်ရာ စာရေးသူကဲ့သို့ နောက်ခံမည်သည့်အဖွဲ့အစည်းမှမရှိဘဲ (လျှောက်ထားချိန်မှာတော့ စာရေးသူသည် ဥရောပသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာသံရုံးတွင် နိုင်ငံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေပါသည်) ယခုကဲ့သို့ ဧည့်သုတေသီအခွင့်အရေးကိုရရှိသည်မှာ များစွာကံကောင်းလှပါသည်။




စာရေးသူသည် လျှောက်ထားချိန်တွင် အီးယူနိုင်ငံရေးအရာရှိအဖြစ် လျှောက်ထားခဲ့ခြင်းမဟုတ်ဘဲ လွတ်လပ်သောသုတေသီ (Independent Researcher)၊ စာရေးဆရာ (Writer) အနေဖြင့် လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ ဂျပန်ဖောင်ဒေးရှင်း၏ ဝက်ဘ်ဆိုက်တွင်လည်း စာရေးသူ၏ ရာထူးကို လွတ်လပ်သော သုတေသီ၊ စာရေးဆရာအဖြစ်သာ ဖော်ပြထားပါသည်။

### ကိုယ်တွေ့ဂျပန်ဖောင်ဒေးရှင်း

စာရေးသူ ကျိုတိုမြို့သို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရောက်ရှိပါသည်။ အောက်တိုဘာလ ၃ ရက်နေ့တွင် တိုကျိုမြို့တော်ရှိ ဂျပန်ဖောင်ဒေးရှင်းရုံးချုပ်သို့ ရှင်ကန်ဆန်ကျည်ဆန်ရထားဖြင့် သွားရောက်ကာ ရှင်းလင်းပွဲသို့ တက်ရောက်ပါသည်။ ရှင်ကန်ဆန်ရထားဆိုက်ရောက်သည့် တိုကျိုဘူတာရုံ (Tokyo Station) မှ မာယူနိုအုချိရထားလိုင်း (အနီရောင်) (Marunouchi Line)စီးပြီး ရော့ဆုယာ–ဆန်ချိုမဲဘူတာရုံ (Yotsuya– sanchome Station) တွင် ဆင်းကာ ထွက်ပေါက် နံပါတ် ၁ (Exist 1)မှ ထွက်၊ ညာဘက်ချိုး၊ သုံးမိနစ်ခန့် လမ်းလျှောက်လျှင် ဂျပန်ဖောင်ဒေးရှင်းရုံးချုပ်သို့ ရောက်ပါပြီ။

ဂျပန်ဖောင်ဒေးရှင်းရုံးချုပ်သည် တိုကျိုမြို့၏ လူစည်ကားလှသော ရပ်ကွက်တစ်ခုဖြစ်သည့် ရှင်ဂျူကုရပ်ကွက်၏ ခံ့ညားထယ်ဝါသော ကိုးထပ်အဆောက်အဦတစ်ခုအတွင်း တည်ရှိပါသည်။ ထို့အပြင် ဂျပန်ဖောင်ဒေးရှင်းရုံးချုပ်၏ ရုံးခန်းများသည် အနီးအနားရှိ Annex Building နှင့် Tosei Building အခြားအဆောက်အဦနှစ်ခုတွင် ဖြန့်ခွဲတည်ရှိပါသည်။

ရုံးချုပ်အဆောက်အဦနှင့်ကပ်လျက်တွင် ကိုရီးယားယဉ်ကျေးမှုစင်တာတည်ရှိပြီး စာရေးသူရောက်ရှိချိန်တွင် ကိုရီးယားစင်တာမှာ ပိတ်ထားပါသည်။ ရှေ့တွင် တုတ်ကိုင်ဆောင်ထားသော ဂျပန်ရဲတစ်ယောက် စောင့်ကြပ်နေပြီး သူ့အနီးတွင် အဓိကရုဏ်းသုံးဒိုင်းကာတစ်ခုကိုလည်းတွေ့ရသဖြင့်




လတ်တလော အငြင်းပွားနေသော ဂျပန်–ကိုရီးယား ကုန်သွယ်ရေးအငြင်းပွားမှုနှင့် ဆက်စပ်နေမည်လောဟု တွေးမိခဲ့သည်။

ဂျပန်တိုင်းမ်သတင်းစာတွင်လည်း ပြီးခဲ့သည့်လက တိုကျိုမြို့ရှိ တောင်ကိုရီးယားသံရုံးသည် ဂျပန်နိုင်ငံရှိ ကိုရီးယားလူမျိုးများအား

စာမျက်နှာ ၁၆ သို့ ❍

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုံရွာမြို့ ကန်သာယာကန်အတွင်းရှိ ရွှေလိမ္မော်ကျွန်းနှင့် ကုက္ကိုကျွန်း၊ ရာပြည့်ကပ်ကျော်စေတီတော်ကျွန်းနှင့် ကျောက်တိုင်ကျွန်း စသည့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကန်သာယာပတ်လမ်းမှ ကျောက်တိုင်ကျွန်းသို့ ဆက်သွယ်ထားသော အလျားပေ ၆၀၊ အနံ ၁၈ ပေရှိသော ကွန်ကရစ်တံတားနှင့် ဗိုလ်ချုပ်လမ်းမှ ရွှေလိမ္မော်ကျွန်းနှင့် ကုက္ကိုကျွန်းတို့သို့ ဆက်သွယ်ထားသော အလျားပေ ၆၀၊ အနံ ၁၄ ပေရှိသော ကွန်ကရစ်တံတား တည်ဆောက်ထားမှု၊ ပြည်ထောင်စုလမ်း (ကန်သာယာအရှေ့ဘက် ပတ်လမ်း) ကို Retaining Wall ဆောင်ရွက်လျက်ရှိသည့်အပိုင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကန်သာယာအတွင်း သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူစိတ်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေး နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးတို့သည် တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ လှည်းကူးမြို့နယ် လေ့လော်အင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေးတို့သည် စခန်းရှိ အကျဉ်းသားများနှင့် တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားရရှိခွင့်ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာ သင်ကြားပေးမှုအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

○ စာမျက်နှာ ၁၅ မှ

ခြိမ်းခြောက်သည့် စာတစ်စောင်အား ကျည်ဆန်ကဲ့သို့ အရာတစ်ခုနှင့်အတူ လက်ခံရရှိခဲ့သည်ဟု ဖော်ပြထားသည်ကို သတိပြုမိသည်။ အာရှနိုင်ငံများ၏ ဆက်ဆံရေးသည် အထိအခိုက်မခံသည်ကို အကြောင်းအရာများစွာက ပြဆိုနေပါသည်။

ရုံးချုပ်အဆောက်အဦပထမထပ်တွင် ဂျပန်ဖောင်ဒေးရှင်း၏ စာကြည့်တိုက်ရှိပြီး ကျန်အထပ်များမှာ အခြားသောဂျပန်အဖွဲ့အစည်းတစ်ခုနှင့် မျှဝေသုံးစွဲသည်ကို သတိပြုမိသည်။ စာကြည့်တိုက်အတွင်း ခေတ္တဝင်ရောက်လေ့လာပြီးနောက် ရှင်းလင်းပွဲသို့ တက်ရောက်ပါသည်။ ရှင်းလင်းပွဲဆိုသည်မှာ ဂျပန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူနှစ်ဦးနှင့် စာရေးသူတို့ သုံးဦးသား အခန်းငယ်တစ်ခုတွင် တွေ့ဆုံကာ အပြန်အလှန်မိတ်ဖွဲ့ပြောဆိုခြင်း၊ ဖောင်ဒေးရှင်းအကြောင်း အကျဉ်းချုပ်ရှင်းပြခြင်း၊ ည့်သုတေသီတစ်ယောက်၏ တာဝန်၊ ခံစားခွင့် စသည်တို့ကို အပြန်အလှန်ဆွေးနွေးကြခြင်းဖြစ်ပါသည်။ စာရေးသူရရှိမည့် လစဉ်ကြေးနှစ်လစာကိုလည်း ကြိုတင်ပေးအပ်ပြီး ကျိုတိုမြို့သို့ပြန်ရောက်လျှင် ကျိုတိုရှိ ဂျပန်ဖောင်ဒေးရှင်းနှင့်လည်း ဆက်သွယ်ရန် အကြံပြုပါသည်။

ကျိုတိုပြန်ရောက်သော် ကျိုတိုဂျပန်ဖောင်ဒေးရှင်း(ရုံးခွဲ)နှင့် ဆက်သွယ်ပြီး ချိန်းဆိုထားသည့်အတိုင်း အောက်တိုဘာလ ၉ ရက်နေ့တွင် ရုံးခွဲသို့ သွားရောက်ခဲ့ပါသည်။ ဖောင်ဒေးရှင်းရုံးခွဲသည် စာရေးသူ၏ အဆောင်နှင့် ၁၀ မိနစ်ခန့်သာ လျှောက်ရသော Kyoto International Community House ၏ တတိယထပ်တွင် တည်ရှိပါသည်။ တိုကျိုရုံးချုပ်မှာကဲ့သို့ပင် ကျိုတိုဖောင်ဒေးရှင်းရုံးခွဲ တာဝန်ရှိသူများနှင့် တွေ့ဆုံမိတ်ဆက်ပါသည်။

တာဝန်ရှိသူများကလည်း ကျိုတိုရုံးခွဲ၏ လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားပြီးနောက် တွေ့ဆုံပွဲပြီးဆုံးပါသည်။ ဂျပန်နိုင်ငံတွင် ဂျပန်ဖောင်ဒေးရှင်းရုံးခွဲသည် ကျိုတိုတစ်မြို့တည်းတွင်သာရှိသည်ဖြစ်ရာ စာရေးသူအဖို့ မိမိအား ထောက်ပံ့ကြေးပေးသော ဂျပန်ဖောင်ဒေးရှင်း၏ တိုကျိုရုံးချုပ်နှင့် တစ်ခုတည်းသော ကျိုတိုရုံးခွဲတို့သို့ အစပထမလပိုင်းမှာတွင်ပင် ရောက်ရှိဖြစ်သည်မှာ ထူးခြားမှုတစ်ခုဟု ဆိုရပါမည်။

တိုကျိုမြို့တော်ရှိ ဂျပန်ဖောင်ဒေးရှင်း(ရုံးချုပ်)အကြောင်း ပိုမိုသိရှိလိုပါက https://www.jpf.go.jp/e/၊ ကျိုတိုမြို့ရှိ ဂျပန်ဖောင်ဒေးရှင်း(ရုံးခွဲအကြောင်း ပိုမိုသိရှိလိုပါက https://www.jpf.go.jp/e/world/kyoto.html နှင့် ရန်ကုန်မြို့ရှိ ဂျပန်ဖောင်ဒေးရှင်း(ရုံးခွဲ)အကြောင်း ပိုမိုသိရှိလိုပါက https://www.facebook.com/JFYangon/ ဖေ့စ်ဘွတ်စာမျက်နှာများသို့ သွားရောက် လေ့လာကြည့်ရှုနိုင်ပါသည်။ ။

# ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာအသိပညာပေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ADB(GMS-HS)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပညာပေးရက်သတ္တပတ် အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ Hotel Sakura Princess ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးအောင်ကြည်က ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာသည် နိုင်ငံတိုင်းအတွက် လတ်တလောရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာဖြစ်ကြောင်း၊ ပဋိဇီဝဆေးမတိုးသောရောဂါကြောင့် သေဆုံးမှုများမြင့်တက်လာသဖြင့် အသိပညာပေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရန် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က ကမ္ဘာ့ပဋိဇီဝဆေးများအကြောင်း အများပြည်သူသိရှိစေရေး ပညာပေးရက်သတ္တပတ်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြသည်။

ထို့နောက် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ္တခွဲ) ပဋိဇီဝဆေးယဉ်ပါးမှု ကာကွယ်ရေးဆိုင်ရာဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ပဋိဇီဝဆေးအန္တရာယ်ကာကွယ်ရေး ပညာပေးပြဇာတ်တင်ဆက်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့် ဦးဆောင်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန ပါမောက္ခ ဒေါက်တာဝင်းမေသိန်း၊ အမျိုးသားကျန်းမာရေးခေတ်ခွဲမှဆိုင်ရာဌာန ညွှန်ကြားရေးမှူး(ခေတ္တခွဲ) ဒေါက်တာဝင်းသိန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်နှင့် ပုဂ္ဂလိကဆေးရုံများအသင်း (မန္တလေး)ဥက္ကဋ္ဌ ဒေါက်တာကြည်ရွှင်တို့က ပဋိဇီဝဆေးအန္တရာယ်အကြောင်း ကျန်းမာရေးစကားဝိုင်းဆွေး နွေးကြသည်။

**သီဟကိုကို(မန္တလေး)**




# ဒေါက်တာထိန် အခမဲ့ဆေးခန်းများတွင် နှလုံး၊ ခွဲစိတ်နှင့် အထွေထွေရောဂါများကို အခမဲ့ကုသပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

နှလုံး၊ ခွဲစိတ်နှင့် အထွေထွေရောဂါများအား ဒေါက်တာထိန် အခမဲ့ဆေးခန်းများတွင် နိုင်ငံခြားမှ အထူးကုဆရာဝန်ကြီးသုံးဦး လာရောက်၍ နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တာ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဆေးခန်းမှ သိရသည်။

အထူးကုဆရာဝန်ကြီးများနှင့် ပြသလိုသော လူနာများအနေဖြင့် နိုဝင်ဘာ ၁၃ ရက်မှစတင်ကာ စာရင်းပေးသွင်းမှုများကို ဒေါက်တာထိန်ဆေးခန်းမှ လက်ခံဆောင်ရွက်ပေးနေပြီး ပြသမှုအနေဖြင့် တစ်နေ့လျှင် လူဦးရေ ၃၀၀ အထိသာ ကန့်သတ်ထားကြောင်း သိရသည်။

နှလုံးရောဂါအထူးကုဆရာဝန်ကြီး Dr. Ramasami Nandakumar နှင့် ပြသလိုပါက ဖုန်း-၀၉-၄၀၀၈၆၈၀၀၇ သို့ လည်းကောင်း၊ အထွေထွေရောဂါအထူးကုဆရာဝန်ကြီး Dr. Wellington Tan နှင့် ပြသလိုပါက ဖုန်း-၀၉-၄၀၀၈၆၈၀၀၆ သို့လည်းကောင်း၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Fong Poh Him နှင့် ပြသလိုပါက ဖုန်း-၀၉-၄၀၀၈၆၈၀၀၅ သို့လည်းကောင်း ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

ဒေါက်တာထိန်အခမဲ့ဆေးခန်းတွင် လာရောက်ကုသပေးမည့် ခွဲစိတ်အထူးကုဆရာဝန်သည် ခွဲစိတ်ခြင်းနှင့်ပတ်သက်၍ စမ်းသပ်စစ်ဆေးပေးမှုတစ်ခုတည်းသာ ပြုလုပ်သွားမည်ဖြစ်ပြီး အမှန်တကယ် ခွဲစိတ်ရန်လိုအပ်ပါက မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဆရာဝန်များထံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

ကုသမှုများ ဆောင်ရွက်ပေးမည့် ဒေါက်တာထိန် အခမဲ့ဆေးခန်းနေရာများမှာ နိုဝင်ဘာ၂၄ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန်စိုက်မွေးကျေးရွာ သီရိမင်္ဂလာရွှေဘုံဦးကျောင်းတိုက်ရှိ ဆေးခန်း(၂)၌ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သံသုမာလမ်း အမှတ်(၃၀၀)ရှိ ဆေးခန်း(၁)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိနှင့် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် လေးထောင့်ကန်စံပြ ရပ်ကွက် အောင်သပြေလမ်း မဟာဗောဓိဓမ္မရိပ်သာ ၁/ကရှိ ဆေးခန်း(၄)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ လှည်းကူးမြို့နယ် ဖောင်ကြီးလမ်း ဖားအောက်တောရဓမ္မရိပ်သာရှိ ဆေးခန်း(၅) ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ရွာသာကြီးအလွန် လေးထောင့်ကန်စိုက်မွေးကျေးရွာ သီရိမင်္ဂလာရွှေဘုံဦးကျောင်းတိုက်ရှိ ဆေးခန်း(၂)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ဆေးခန်း(၁)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိနှင့် ဆေးခန်း(၅)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ကုသပေးသွားမည်ဖြစ်ရာ ပြသမည့်သူများအနေဖြင့် မိမိနှင့် နီးစပ်ရာဆေးခန်းသို့ လာရောက်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒေါက်တာထိန် အခမဲ့ဆေးခန်းအနေဖြင့် လာရောက်ပြသသော လူနာများ အဆင်ပြေချောမွေ့စေရန်အတွက် ပရဟိတလုပ်အားပေးလိုသူ ဆရာဝန်၊ ဆရာမများ လိုအပ်လျက်ရှိရာ ပူးပေါင်းပါဝင်လိုသည့် ပရဟိတဆရာဝန်၊ ဆရာမများအနေဖြင့် ဖုန်း-၀၉-၄၅၂၅၅၀၀၆၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဒေါက်တာထိန်အခမဲ့ဆေးခန်းကို ၂၀၁၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ပြည်သူများ၏ အခြေခံကျန်းမာရေးများကို အခမဲ့စောင့်ရှောက် ကုသမှုပေးလျက်ရှိရာ ပြည်ပမှဆရာဝန်များ လာရောက်ကုသပေးသည့် အစီအစဉ်သည် ယခုအကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်မြောက်ရှိပြီဖြစ် ကြောင်း သိရသည်။

**အေးမင်းသူ**

# ကလောမြို့၌ ရိုးရာမီးရှော့်တိုင်နှင့် မီးကြာဆံ အလှပဒေသာပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကျင်းပ

**ကလော နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် (၁၇) ကြိမ်မြောက် မြို့နယ်လုံးကျွတ် တန်ဆောင်တိုင် ရိုးရာမီးရှော့်တိုင်နှင့် မီးကြာဆံ ထွန်းညှိပူဇော်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီက မောမြေ ဦးပန်းခြံကွင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရေးနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က ယခုလိုမီးရှော့်တိုင်ပွဲမျိုးကို ကလောမြို့တွင်သာတွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံ ပြည်တွင်းသာမက ပြည်ပခရီးသွားများပါ လာရောက်လည်ပတ်ကြ၍ ဂုဏ်ယူမိကြောင်း ပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဦးဝင်းနိုင်က ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း ပြောသည်။

ထို့နောက် ပွဲတော်ဖြစ်မြောက်ရေးအတွက် ထည့်ဝင်လှူဒါန်းပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာ ကျင်းပခဲ့ရာ မီးရှော့်တိုင် ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မီးရှော့်တိုင်ပြိုင်ပွဲတွင် ပထမဆုကို မီးနဂါး၊ ဒုတိယဆုကို ကောင်းကင်ကြယ်၊ တတိယဆုကို ကလောမီး၊ နှစ်သိမ့်ဆုများကို ရှမ်းညီနောင်၊ သာယာကုန်း၊ ဆောင်းခိုမီး၊ တောင်ပိုင်းသားတို့ကရရှိပြီး မီးကြာဆံအလှပဒေသာပြိုင်ပွဲတွင် ပထမဆုကို ရွှေတောင်ရိုးအဖွဲ့ ကလည်းကောင်း၊ ဒုတိယဆုကိုရှမ်းရိုးမကလည်းကောင်း၊ တတိယဆုကို သာယာကုန်းက လည်းကောင်း ရရှိခဲ့ပြီး နှစ်သိမ့်ဆုကို မီးဝိဇ္ဇာနှင့် မီးနဂါးအဖွဲ့ တို့က ရရှိခဲ့သည်။



အဆိုပါ ဆုရရှိသည့်အဖွဲ့များအား ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စန်းယုနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

# ရွှေတြိဂံဒေသ ရိုးရာမီးပုံးပျံပွဲတော် နောက်ဆုံးနေ့စည်ကား

**တာချီလိတ် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆေခမ်းရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကွင်း၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် ပထမအကြိမ် ရွှေတြိဂံဒေသ ရိုးရာမီးပုံးပျံပွဲတော် နောက်ဆုံးနေ့ အဖြစ် ကျင်းပရာ နိုဝင်ဘာ ၁၇ ရက်က စည်ကား လျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ကပြတင်ဆက်ပြီး တာချီလိတ်မြို့ အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။



ထို့နောက် တာချီလိတ်မြို့မှ ဗိုလ်မှူးကြီး သော်ဇင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များတို့က ညမီးကြီး သုံးလုံးအား အတူတကွ ပူးပေါင်း လွှတ်တင်ခဲ့ကြသည်။

ယင်းနောက် မီးပုံးပျံငယ် အလုံး ၂၀၀ ကို ပွဲတော်လာ ဧည့်ပရိသတ်အပေါင်းက ပျော်ရွှင်စွာ စုပေါင်း လွှတ်တင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သက်ကြီးဆရာဝန်များအား ပူဇော်ကန်တော့



**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးဆရာဝန်အဖွဲ့မှ ဦးဆောင်ကျင်းပသော (၃၇) ကြိမ်မြောက် အသက် (၇၅)နှစ်ပြည့်ပြီး ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးအေးအောင်က မုဒိတာစကားပြောကြားပြီး အမျိုးသမီးဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက သက်ကြီးဆရာဝန်များ ပူဇော်ကန်တော့ပွဲအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အသက် (၇၅)နှစ်နှင့်အထက် တက်ရောက်အပူဇော်ခံ ဆရာဝန်ကြီး ၃၂၀ တို့အား တစ်ဦးလျှင် ငွေသားကျပ်တစ်သိန်းစီနှင့် အခြား ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

**အောင်သန်း**
**(မင်္ဂလာတောင်ညွန့်)**

## သတင်းစုံကဏ္ဍာ

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်**

### ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မံကစားကွင်း၌ နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဝူရှူးအားကစားပြိုင်ပွဲ ကျင်းပမည်

ဝူရှူးအားကစားပြိုင်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁လမ်းနှင့် ၃၀ လမ်းထောင့် ဗထူးအားကစားခန်းမတွင် နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အသိပညာပေးဟောပြောပွဲကျင်းပမည်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာသုံးလွှာ၌ Work Hard; Smart Life ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ငွေကျပ်တစ်သောင်းရှိရုံနဲ့ လစဉ် ရင်းနှီးမြှုပ်နှံမှုကို ဘယ်လိုစတင်လုပ်ဆောင်နိုင်တယ် "Strategy for better Future with monthly Ten Thousand Kyats" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်ရှိ Pullman Hotel ၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

### မီဒီယာအလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မီဒီယာအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေးတွင် နိုဝင်ဘာ ၂၅ ရက် မှ ၂၆ ရက်အထိ နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပမည်

အမေရိကန်သံရုံး Commercial ဌာနမှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး စီးပွားရေးကဏ္ဍခြောက်ခုရှိ လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI) ခန်းမ၌ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ပရဟိတတေးဂီတဖျော်ဖြေပွဲကျင်းပမည်

ချစ်ခြင်းမေတ္တာ ပရဟိတတေးဂီတဖျော်ဖြေပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၅၃လမ်းနှင့် ၃၃လမ်းထောင့်ရှိ Golden Hotel ၌ နိုဝင်ဘာ ၂၉ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၇ ရက်က လယ်ဝေးမြို့နယ် ရေကျော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ သာဝတ္ထိနယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီက ဒေသခံပြည်သူများအား အသိပညာပေးဟောပြောစဉ်။ **ကျော်လှိုင်သင်း (နေပြည်တော်)**



# ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန ရေဆင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့သစ်တောစီမံအုပ်ချုပ်မှု၏ Forest Management Unit ဖြစ်သော လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်တာဝန်ခံများအနေဖြင့် လက်ရှိအကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းဆိုင်ရာလုပ်ငန်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်ပိုပြီးမြင့်မားလာရန်၊ စိတ်ဓာတ်နှင့်ခံယူချက်များ တိုးတက်မြင့်မားစေရန်၊ အုပ်ချုပ်မှုစွမ်းရည်ကောင်းမွန်ပြီး စိတ်ဓာတ်မြင့်မားစွာ ထားရှိတတ်စေရန်၊ စီမံခန့်ခွဲမှုနှင့် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များနှင့် အညီ ပြောင်းလဲကျင့်သုံးရမည့် သစ်တောကဏ္ဍဆိုင်ရာ အခြေအနေကို ပိုမိုသိရှိနားလည်စေပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်တို့ လိုအပ်ပါကြောင်း။

ဝန်ထမ်းကောင်းတစ်ယောက်၏ လိုအပ်ချက်များဖြစ်သည့် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများ၊ ပြဋ္ဌာန်းချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းနားလည်ရန်၊ ချမှတ်ထားသည့်မူဝါဒနှင့်အညီ ပီပြင်စွာ စည်းရုံးဦးဆောင်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု သွက်လက်ထက်မြက် တိကျမှန်ကန်စေရန်နှင့် ပြည့်စုံပြီး စနစ်တကျစီစဉ်ကွပ်ကဲဆောင်ရွက်နိုင်စေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

သင်တန်းစည်းကမ်းများကို အလေးထားလိုက်နာနေထိုင်ကြရန်၊ သင်တန်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုများအဖြစ် မှတ်တမ်းတင်ထားရှိမည်ဖြစ်သည့်အတွက် သင်ကြားမှုတိုင်းကို သေချာစွာလေ့လာမှတ်သားကြရန်လိုကြောင်း၊ မိမိတို့၏ဌာနအကျိုး၊ နိုင်ငံအကျိုးကို စွမ်းဆောင်ရည်မြင့်မားစွာနှင့် အောင်မြင်မှုရရှိအောင် သယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆရာများ၊ သင်တန်းသားများနှင့် သစ်တောသုတေသနဌာနမှ အရာထမ်းများ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၉ ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကလေးသူငယ်အလုပ်သမားသည်တရားမဝင်ပါ




သက်ဆိုင်ရာအလုပ်သမား ဥပဒေများတွင် အလုပ်လုပ်ရန် အနိမ့်ဆုံးရှိရမည့်အသက်ကို (၁၄)နှစ်ဟုပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။


# ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ် ဆက်သွယ်မည့် ငွေချောင်းတံတား စတင်တည်ဆောက်

**ငွေ နိုဝင်ဘာ ၁၈**

ငွေမြို့နှင့် မန်ကျည်းငူကျေးရွာသို့ ဆက်သွယ်မည့် ငွေချောင်းတံတား ပန္နက်တော်တင် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါ တံတားတည်ဆောက်မည့် ငွေမြို့ ကင်းရုံးရပ်ကွက် ဖောင်တော်ဆိပ်၌ ကျင်းပသည်။



ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ငွေချောင်းဖြတ်ကူးတံတား ပုံစံငယ်ကို တွေ့ရစဉ်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ငွေချောင်းတံတား စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း(ခ) ဦးစိုးလေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးတို့က မင်္ဂလာပန္နက်များတင်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က တံတား၏ အမှတ်(၁) ဘိုးပိုင်တိုင်ကို စက်ခလုတ်နှိပ်ရိုက်သွင်းပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ ငွေချောင်းဖြတ်ကူးတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၅၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀၀၀ တို့ဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ငွေချောင်းကူးတံတားမှာ အရှည် ပေ ၁၃၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် အကျယ် ၃ ပေ စုစုပေါင်း တံတားအကျယ် ပေ ၃၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့် ပေ ၂၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၈၅ ပေရှိမည်ဖြစ်သည်။ အဆိုပါ တံတား၏ ရက်မ၊ ကြမ်းခင်း၊ အောက်ထည်နှင့် ဘိုးပိုင်အားလုံးကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန် ဖြတ်သန်းသွားလာနိုင်မည့် တံတားတစ်စင်းဖြစ်သည်။

အဆိုပါ ငွေချောင်းကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ ဆက်သွယ်ပေးမည့် လမ်းကြောင်းပေါ်တွင် ဒုတိယအရေးကြီးဆုံးတံတားတစ်စင်းဖြစ်ပြီး အဓိကအရေးကြီးဆုံး တံတားတစ်စင်းဖြစ်သည့် ကျောက်ချွန်တံတားကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ယခုတည်ဆောက်မည့် ငွေချောင်းကူးတံတားသည် ကျောက်ချွန် - မကျည်းငူစသည့် ကျေးရွာများမှ ငွေမြို့သို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်ပေးမည့် တံတားဖြစ်ကာ ငွေကမ်းရိုးတန်းပတ်လမ်းပေါ်တွင် အရေးပါသော တံတားတစ်စင်းဖြစ်လာမည်ဖြစ်သည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ ဇင်ဦး(မြန်မာ့အလင်း)**

# AIA Myanmar ၏ ရာပြည့်အထိမ်းအမှတ် ပုဂံတွင် တာတိုအပြေးပြိုင်

**ပုဂံ နိုဝင်ဘာ ၁၈**

ယူနက်စကိုစာရင်းဝင် ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်သော ပုဂံဒေသတွင် AIA Myanmar မှ နှစ်(၁၀၀ ) ပြည့် အထိမ်းအမှတ်အဖြစ် ထီးလိုမင်းလိုဘုရား မြောက်ဘက်မုခ်ရှိ ကားဝင်းအတွင်း၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၅ နာရီက ၅ မီတာတာတို အပြေးပြိုင်ပွဲနှင့် တူရွင်းတိုင်ကျေးရွာမှ နေအိမ် ၁၀၀ အား နေစွမ်းအင်သုံးဆိုလာပြား ၁၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"အခုလို ရာပြည့်အခမ်းအနားကို မြန်မာနိုင်ငံရဲ့ အသည်းနှလုံးဖြစ်တဲ့ ပုဂံကိုရွေးချယ်ရခြင်းဟာ မြန်မာနိုင်ငံသားတွေရဲ့ နှလုံးသားနဲ့အနီးစပ်ဆုံး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရာ နေရာဖြစ်လို့ပါပဲ"ဟု AIA Myanmar ၏ CEO ဖြစ်သူ Mr. Nhon Ly(LUC) က ပြောကြားသည်။

တာတိုအပြေးပြိုင်ပွဲတွင် ဒေသခံပြည်သူများ၊ ညောင်ဦးမြို့ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့်အတူ မန္တလေးမြို့ အားကစားနှင့်ကာယပညာသိပ္ပံမှ ကျောင်းသား ကျောင်းသူ ၁၀၀ တို့ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြိုင်ပွဲဝင် ၂၀၀ အနက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမှ ကျောင်းသားကျောင်းသူတို့က ဆုများဆွတ်ခူးရရှိခဲ့ရာ အမျိုးသား သုံးဦးနှင့် အမျိုးသမီးသုံးဦးတို့ကို AIA Myanmar အသက်အာမခံကုမ္ပဏီမှ တာဝန်ရှိသူတို့က ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

**သတင်း – သန်းထိုက်၊**

❖ **ပြင်ဦးလွင်မှ**

စီးဆင်းနေတဲ့ စမ်းချောင်းလေးရှိတာကြောင့် မြင်တွေ့ခံစားသူအနေနဲ့ စိတ်ကြည်လင်အေးချမ်းမှုတွေရရှိစေမယ်၊ ခြံထဲမှာရှိနေတဲ့ သစ်ပင်တွေကိုလည်း ပြုပြင်ထားခြင်းမရှိဘဲ သဘာဝအတိုင်း ထိန်းသိမ်းထားတဲ့အတွက် လာရောက်ကြည့်ရှုသူတွေအနေနဲ့ သဘာဝအလှအပတွေ စုဝေးနေတဲ့ ပန်းဥယျာဉ်ထဲကို ရောက်သွားသလို ခံစားရစေမှာဖြစ်ပါတယ်''ဟု ဒီဇင်ဘာခြံမှ တာဝန်ခံဦးစန်းတင့်က ပြောသည်။

ဒီဇင်ဘာခြံသည် လက်ရှိတွင် ဧကပေါင်း ၁၅၀ကျော်ရှိသည့်အနက် ယခုကျင်းပမည့် ပန်းအလှဆင်ပွဲတော်ကို ဧက ၅၀ အသုံးပြုသွားမည်ဖြစ်ပြီး ပွဲတော်ကာလတွင် ဝင်ကြေးအနေဖြင့် တစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်း ကောက်ခံသွားမည်ဖြစ်သည်။

"ပြင်ဦးလွင်မြို့က ပြည်တွင်း၊ ပြည်ပ အဓိကစိတ်ဝင်စားတဲ့မြို့ဖြစ်တဲ့အတွက် သဘာဝကိုအခြေခံတဲ့ လည်ပတ်စရာနေရာတွေ ပေါ်များလာခြင်းက မြို့ရဲ့စီးပွားရေးကို အထောက်အကူပြုတဲ့အပြင် ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမယ်၊ စိုက်ပျိုးသူ တောင်သူတွေရဲ့ ဒေသထွက်ကုန် သီးနှံတွေပိုပြီး ရောင်းအားကောင်းလာနိုင်တယ်"ဟု ပြင်ဦးလွင် လူငယ်ကွန်ရက်မှ ကိုကျော်ဇင်ဦးက ဒီဇင်ဘာခြံတွင်ကျင်းပမည့် ပန်းအလှပြပွဲတော်နှင့်ပတ်သက်၍ ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ယခုနှစ် ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်မြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်အပြင် ဒီဇင်ဘာခြံမှ ကျင်းပမည့် ပန်းအလှဆင်ပွဲတော်နှင့် ပြင်ဦးလွင် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများအသင်းကစီစဉ်သည့် ထောပတ်သီးပွဲတော်တို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေဝတီမြစ်ကမ်းပါး ထိန်းသိမ်းကာကွယ်ရေး စုပေါင်းသစ်ပင်စိုက်

**မတ္တရာ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဘေးမှကာကွယ်နိုင်ရန်အတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါကျေးရွာ အနောက်ဘက်ရှိ မြစ်ကမ်းပါး၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသန်းကျော်တို့က ကျေးရွာတာဝန်ရှိသူများထံ ပျိုးပင်များကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် မအူပင် ၁၀၀၊ ဗာတီဗာမြက်အပင် ၆၀၊ ပင်လယ်ကဗွီး ၁၂၄ ပင်၊ ရေထိကရုံးအပင် ၄၀ စုစုပေါင်း ၃၂၄ ပင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးပြီးသစ်ပင်များအားတိရစ္ဆာန်များ၏ ဖျက်ဆီးစားသောက်မှုဘေးမှ ကာကွယ်နိုင်ရန် ခြံစည်းရိုးကာရံခြင်း၊ အမှိုက်ကောက်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများတွင် ရေကျချိန်(ရေအနည်းဆုံးချိန်) ဖြစ်သည့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်းသာ စိုက်ပျိုး၍ရကြောင်းနှင့် ယခုစိုက်ပျိုးသည့် မအူပင်၊ ပင်လယ်ကဗွီးပင်၊ ရေထိကရုံးပင်၊ ဗာတီဗာမြက်တို့မှာ ကမ်းပါးပြိုခြင်းကို အဓိက ကာကွယ်ထိန်းသိမ်းနိုင်ပြီး ရေဒဏ်ကိုလည်း ခံနိုင်သောသစ်ပင်များဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မန္တလေးတက္ကသိုလ် သိပ္ပံနှင့်နည်းပညာပြတိုက် အခမဲ့လာရောက်လေ့လာနိုင်



**မန္တလေး နိုဝင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဌာန၏ ထောက်ပံ့ကူညီမှုဖြင့် မန္တလေးတက္ကသိုလ် ရာဇာတ်ခန်းမတွင် သိပ္ပံနှင့်နည်းပညာပြတိုက်ကို နိုဝင်ဘာလ ပထမပတ်က ဖွင့်လှစ်ခဲ့သည်။

ပြတိုက်ကို အင်္ဂါနှင့်ကြာသပတေးနေ့တိုင်းနံနက် ၉နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ စနေနေ့တိုင်း နံနက် ၉ နာရီမှ ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်း၊ အလယ်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအခမဲ့လာရောက်လေ့လာနိုင်သည်။

ကျောင်းသား ကျောင်းသူများ၊ အဖွဲ့အစည်းများ အုပ်စုအလိုက်လာရောက်လေ့လာမည်ဆိုပါက မန္တလေးတက္ကသိုလ်သို့ကြိုတင်အကြောင်းကြားရန်လိုအပ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးမြို့ရှိ အမည်နှင့်လမ်းများအား လမ်းနံပါတ်စဉ်သတ်မှတ်၍ Zip Code များဖြင့် ပြောင်းလဲတပ်ဆင်မည်

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ရှိ အမည်နှင့်လမ်းများအား လမ်းနံပါတ်များသတ်မှတ်၍ Zip Code များဖြင့် ပြောင်းလဲတပ်ဆင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အမည်နှင့် လမ်းများကို အဓိကလမ်းမကြီးဖြစ်သော သိပ္ပံလမ်းမှစတင်ကာ အဆိုပါလမ်းတောင်ဘက်ခြမ်းရှိ အမည်နှင့်ရှိသောလမ်းများ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့ရှိ ယခင်လမ်းနံပါတ်များနှင့် တူညီမှုမရှိစေရန် သိပ္ပံလမ်းအား လမ်းနံပါတ် (၁၀၁) အဖြစ်သတ်မှတ်၍ နံပါတ်စဉ်အလိုက် သတ်မှတ်သွားမည်ဖြစ်ကာ ရပ်ကွက်များအတွင်းရှိ လမ်းသွယ်များကို လမ်းနံပါတ်နှင့်တကွ A, B စသည်အက္ခရာများနှင့် သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ လမ်းနံပါတ်များ ပြောင်းလဲတပ်ဆင်ခြင်းကို ဒီဇင်ဘာလတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်ထံမှ သိရသည်။

ယင်းကဲ့သို့ လမ်းနံပါတ်များ ပြောင်းလဲတပ်ဆင်ခြင်းမှာ မန္တလေးမြို့ရှိ အမည်နှင့်လမ်းများသည် လမ်းအမည်ထပ်နေမှု များစွာရှိပြီး အချို့လမ်းများမှာ လမ်းတစ်ခုတွင် အမည်နှစ်မျိုးဖြစ်နေခြင်းများရှိသည့်အတွက် သွားလာရာတွင် ခက်ခဲမှုများရှိခြင်းကြောင့် သွားလာရေးလွယ်ကူစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြောင်းလဲတပ်ဆင်မည့် လမ်းဆိုင်းဘုတ်များတွင် မြို့နယ်၊ရပ်ကွက်အလိုက် Zip Code ဖြစ်သည့် ဂဏန်းရှစ်လုံးပါဝင်မည်ဖြစ်ပြီး မူလရှိသည့် လမ်းအမည်နှင့် ယှဉ်တွဲဖော်ပြပေးမည်ဖြစ်ကြောင်း လမ်းညွှန်ဆိုင်းဘုတ်များကို နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ပြုလုပ်တပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ရှေ့နောက်ပြိုင်နေတဲ့လမ်းတွေနဲ့ တောင်မြောက်ပြိုင်နေတဲ့လမ်းများကိုသာ နံပါတ်တပ်သွားမည်ဖြစ်ပြီး စောင်းနေသည့်လမ်းများကို နံပါတ်တပ်ဆင်သွားမည်မဟုတ်ကြောင်း သိရပြီး မန္တလေးမြို့တွင် နံပါတ်နှင့် လမ်းပေါင်း ၂၄၀၁ လမ်းနှင့် အမည်နှင့်လမ်းပေါင်း ၇၂ လမ်းရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## သတင်းစုံကဏ္ဍ

### မိုဘိုင်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် (၉၃)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သျှန်အောင်ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် စက်တပ်ယာဉ်များစီးနင်းသွားလာရာတွင် စနစ်တကျ မောင်းနှင်သွားလာတတ်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက အသိပညာပေးမိုဘိုင်းယာဉ်ဖြင့် ပုဂံမြို့သစ် စည်ပင်သာယာဈေးအနီးသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ခရီးသွား ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်မည်

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အိုင်ပေါင်းချောင်ကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စံပြကျေးရွာသစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကျေးရွာအဖြစ် ရွေးချယ်ခဲ့သော အိုင်ပေါင်းချောင်ကျေးရွာသည် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်း၊အိမ်ထောင်စု ၁၆၈၊ လူဦးရေ ၈၄၇ ဦးတို့ ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်ခြင်း၊ ကျေးရွာသားများသည် စီမံကိန်းတွင်တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်သူများဖြစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး၍ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း စိတ်အားထက်သန်သူများဖြစ်ခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### သုံးခွမြို့၌ ကွန်ကရစ်လမ်းခင်း

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ SMU ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နန်းခလဲစံပြကျေးရွာတွင် စီမံကိန်းတတိယနှစ် ၂၀၁၈ ခုနှစ်၌ (က ) အဆင့်ထူးချွန်ကျေးရွာအဖြစ် ရွေးချယ်ခံရသဖြင့် ဆုရရှိငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် အများပြည်သူများ သွားလာရေးအဆင်ပြေစေရန် ဦးချစ်စိန်လမ်း(၃၉၂'x၆'x၆") ကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက စတင်ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

### ရေဝတီမြစ်အရှေ့ဘက်ကမ်းမှ ဖူးစားပြောင်းအဝင်စိတ်လာ

**ကသာ**

ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ မြို့နယ် ကျေးရွာများတွင် ဖူးစားပြောင်း အဝယ်လိုက်လာ၍ ရောင်းအားကောင်းလျက်ရှိသည်။ ယခုနှစ် ပြောင်းဖူးအဝယ် လိုက်သဖြင့် တစ်ဖူးလျှင်ကျပ် ၁၂၀ ဈေးရှိကြောင်း သိရသည်။

မြို့နယ်ကျေးရွာများသို့ကုန်သည်ပွဲစားများကြိုတင်ငွေချေစနစ်ဖြင့် အခင်းထဲထိလိုက်ဝယ်ကြတာရှိသကဲ့သို့ မြို့ပေါ်ပွဲရုံများကိုတိုက်ရိုက်ပို့ဆောင်ကြသော တောင်သူကြီးများလည်းရှိကြောင်း ဖူးစားပြောင်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

## အမျိုးသမီးများ ဘဝရပ်တည်နိုင်ရေးရည်ရွယ်၍ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ရေစကြို နိုဝင်ဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူခရိုင် ရေစကြိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်နံနက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ကြောင်းသိရသည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးအောင်က သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောပြသည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများသည် သင်တန်းအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုကြသည်။

အဆိုပါ အဆင့်မြင့် အမျိုးသမီး အိမ်တွင်းမှု စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၈ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်**
**(ရေစကြို)**

## ရွှေဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲက ကြီးမှူးဖွင့်လှစ်သော ရွှေဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၆/ ၂၀၁၉) သင်တန်းဆင်းပွဲကိုနိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သန်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဆန်းလင်းနိုင်က ရွှေဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၆/ ၂၀၁၉) သင်တန်းဆင်းပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားကာ သန်လျင်မြို့နယ်ပညာရေးမှူး ဒေါ်အယ်သီဖောက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ရွှေဦးပြုစုခြင်း (အခြေခံ)သင်တန်းသို့ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၃၀တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိဖြစ်ကာ အခြေခံရွှေဦးပြုစုခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ပေါ်တူဂီအသင်း ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်ပြီးနောက် နိုင်ငံတကာသွင်းဂိုး ၁၀၀ ပြည့်သွင်းယူရန် စီရိုနယ်လ်ဒိုသန္နိဋ္ဌာန်ချ

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီအသင်း ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနောက် နိုင်ငံတကာသွင်းဂိုး ၉၉ ဂိုးအထိ ရှိလာခဲ့တာကြောင့် နိုင်ငံတကာသွင်းဂိုး ၁၀၀ ပြည့် သွင်းယူရန် သန္နိဋ္ဌာန်ချလိုက်ပါတယ်။

စီရိုနယ်လ်ဒို ဦးဆောင်လာတဲ့ ပေါ်တူဂီအသင်းဟာ နိုဝင်ဘာ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ လူဇင်ဘတ်အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၃၉ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်နဲ့ ၈၆ မိနစ်မှာ စီရိုနယ်လ်ဒိုတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုအနေနဲ့ လက်ရှိမှာ နိုင်ငံတကာသွင်းဂိုး ၉၉ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာကြောင့် နိုင်ငံတကာသွင်းဂိုးကို ၁၀၉ ဂိုးအထိ စံချိန်တင်သွင်းယူထားတဲ့ အီရန်ဂန္တဝင်ကစားသမား အလီဒေအီရဲ့ စံချိန်ကိုမီဖို့ ၁၀ ဂိုးသာ လိုတော့တာဖြစ်ပါတယ်။ နိုင်ငံတကာပွဲစဉ်တွေမှာ ပေါ်တူဂီအသင်းအတွက် ဟက်ထရစ်သွင်းဂိုး ကိုးကြိမ်အထိ သွင်းယူထားနိုင်ခဲ့တဲ့ စီရိုနယ်လ်ဒိုဟာ နိုင်ငံတကာသွင်းဂိုးသွင်းယူနိုင်မှုမှာ ဒုတိယအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်တာကြောင့် နိုင်ငံတကာသွင်းဂိုး အများဆုံးသွင်းယူနိုင်တဲ့ ကစားသမားဖြစ်လာဖို့လည်း ဆန္ဒရှိနေတာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ယူရိုပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံဖြစ်သလို ဥရောပထိပ်တန်းအသင်းအတော်များများ ခြေစစ်ပွဲအောင်မြင်နေချိန်မှာ နောက်တစ်ဆင့်တက်ဖို့ အခက်အခဲဖြစ်နေပြီး လူဇင်ဘတ်ကို အနိုင်ရရှိခဲ့လို့သာ နောက်တစ်ဆင့်တက်ခဲ့တာဖြစ်ပါတယ်။

လူဇင်ဘတ်အသင်းနဲ့ ပွဲစဉ်မှာ ပေါ်တူဂီအသင်းဟာ အကြိတ်အနယ်ကစားခဲ့ရတာဖြစ်ပြီး အိမ်ကွင်း ခြေစွမ်းပိုင်းကောင်းမွန်တဲ့ လူဇင်ဘတ်ကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ပေါ်တူဂီအသင်းဟာ ရမှတ် ၁၇ မှတ်နဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် – စုစည်းတင်ပြသည်





# ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲခြေစွမ်းထက် အင်္ဂလန်အသင်း၏ လက်ရှိခြေစွမ်း ပိုကောင်းဟု နည်းပြဆောက်ဂိတ် ပြောကြား

အင်္ဂလန်အသင်းရဲ့ အခုလက်ရှိခြေစွမ်းပိုင်းမှာ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေ ကစားခဲ့တဲ့ ခြေစွမ်းပိုင်းထက် ပိုမိုကောင်းမွန်ကြောင်း အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ပြောကြားလိုက်ပါတယ်။

နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်စဉ်က ချန်ပီယံဖြစ်ခွင့်အခြေအနေအထိ မရောက်ခဲ့ဘဲ စတုတ္ထနေရာနဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပြီး လက်ရှိမှာ အုပ်စုအဆင့် ပထမနေရာနဲ့ ယူရို ၂၀၂၀ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

အခု ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်တွေ ကစားခဲ့ရာမှာ ရှစ်ပွဲမှာ ခုနစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အပြင် ပြိုင်ပွဲတိုင်းကိုလည်း ဘောလုံးပိုင်ဆိုင်မှုအသာစီးနဲ့ ပြိုင်ပွဲကို လွှမ်းမိုးထားနိုင်ခဲ့တာ ဖြစ်တယ်လို့ နည်းပြဆောက်ဂိတ်က ဆိုပါတယ်။ ဒါ့အပြင် ကစားသမားတွေကိုယ်တိုင်ကလည်း သွင်းဂိုးတွေရရှိအောင် စွမ်းဆောင်နိုင်တယ်လို့လည်း ဆောက်ဂိတ်က ပြောကြားခဲ့ပါတယ်။

အင်္ဂလန်အသင်းဟာ နိုဝင်ဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုဆိုဗိုအသင်းနဲ့ ပွဲစဉ်မှာ လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဟယ်ရီဝင့်ခ်က တစ်ဂိုး၊ ဟယ်ရီကိန်းက တစ်ဂိုး၊ ရက်ရှ်ဖို့ဒ်က တစ်ဂိုးနဲ့ မောင့်က တစ်ဂိုး အသီးသီးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ၁၀ ပွဲမှာ ၃၈ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် တစ်ပွဲပျမ်းမျှသွင်းဂိုး ၃ ဒသမ ၈ ဂိုးရှိပြီး တိုက်စစ်မှူးဟယ်ရီကိန်းကတော့ အင်္ဂလန်အသင်းနဲ့အတူ ခြောက်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

ယူရို ၂၀၂၀ ပြိုင်ပွဲကို လန်ဒန်အပါအဝင် မြို့ကြီး ၁၂ မြို့တွင် ကျင်းပသွားမှာဖြစ်ပြီး အုပ်စုအဆင့် ပွဲစဉ်များကို နိုဝင်ဘာ ၃၀ ရက်မှာ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။

## အနုပညာ

# ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျွန်နီဒပ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့မင်းသားကြီး တစ်ဦးဖြစ်သူ ဂျွန်နီဒပ်ဟာ လတ်တလောမှာ ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ဂျွန်နီဒပ်ဟာ သူနောက်ဆုံးလက်တွဲခဲ့တဲ့ ချစ်သူ ပိုလီနာဂလန်းနဲ့ လမ်းခွဲခဲ့ကာ ပိုလီနာဟာ သူ့ရဲ့ဇာတိဖြစ်တဲ့ ရုရှားကို ပြန်သွားခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဂျွန်နီဒပ်



ပိုလီနာဂလန်း

အသက် ၂၄ နှစ် အရွယ်သာရှိသေးတဲ့ ပိုလီနာဂလန်းဟာ ရုရှားလူမျိုးတစ်ဦးဖြစ်ပြီး အကပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူနဲ့ ဂျွန်နီဒပ်တို့ဟာ ယခုနှစ်အစပိုင်းမှာ စတင်လက်တွဲခဲ့ကြတာဖြစ်ပြီး နှစ်ကုန်ခါနီးမှာ လမ်းခွဲလိုက်ကြတာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲလိုက်ရတဲ့အကြောင်းက သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကြောင့် ပိုလီနာဂလန်းအနေနဲ့ အများရဲ့ အာရုံစိုက်ခြင်းကို ခံခဲ့ရတာကြောင့်ဖြစ်ပြီး ဒီလို အများရဲ့ အာရုံစိုက်ခြင်းကို ခံရတာဟာ သူ့အတွက်တော့ အတော်လေးကြောက်စရာကောင်းကြောင်း ပိုလီနာဂလန်းက သိမြင်လာခဲ့တာကြောင့် ဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျွန်နီဒပ်ဟာ လတ်တလောမှာ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်ကာ အမ်ဘာဟာ့ဒ်နဲ့ လော်ရီအန်းအယ်လစ်ဆင်တို့နဲ့ လက်ထပ်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ လော်ရီအန်းအယ်လစ်ဆင်နဲ့ ရင်သွေးနှစ်ဦးရရှိထားပြီး အမ်ဘာဟာ့ဒ်နဲ့ကတော့ လတ်တလောမှာ အပြန်အလှန် တရားစွဲဆိုထားကြကာ တရားရင်ဆိုင်မှုတွေ ရှိနေပါတယ်။



# ဂရမ်မီပြတိုက်မှာ BTS ရဲ့ ဂရမ်မီဝတ်စုံကို ခင်းကျင်းပြသသွားမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ဟာ ယခုနှစ် ဂရမ်မီဆုပေးပွဲမှာ ဝတ်ဆင်ခဲ့တဲ့ဝတ်စုံကို ဂရမ်မီပြတိုက်မှာ ပြုလုပ်သွားမယ့် “On the Red Carpet Presented by Delta Exhibit” ပြပွဲမှာ ထည့်သွင်းခင်းကျင်းပြသသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါပြပွဲကို လာမယ့်နိုဝင်ဘာ ၂၀ ရက်မှာ စတင်ဖွင့်လှစ်ပြသသွားမှာဖြစ်ပြီး လော့စ်အန်ဂျလိစ်မှာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့တဲ့ ဂရမ်မီဆုပေးပွဲကို တက်ရောက်စဉ် ဝတ်ဆင်ခဲ့တဲ့ “BTS” ရဲ့ ဝတ်စုံကို ပြပွဲမှာ ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။

အဆိုပါပြပွဲမှာ အခြားသောနာမည်ကျော်အနုပညာရှင်တွေဖြစ်ကြတဲ့ ရီဟားနား၊ အဲလစ်ရှာကီးစ်၊ မရန်ဒါလမ်းဘတ်ဒ်၊ မာရန်မော်ရစ်၊ ကန်းရီဝက်စ်ထ်၊ အေမီဝိုင်းဟောက်စ်တို့ရဲ့ ဝတ်စုံတွေကိုလည်း ခင်းကျင်းပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် – စုစည်းတင်ပြသည်

# ကျန်းမာရေးကြောင့် ဖျော်ဖြေပွဲကို ဖျက်ခဲ့ရတဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောကန်တက်ကီမှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ပါတယ်။ ဒီလိုဖျော်ဖြေပွဲဖျက်ခဲ့ရတာဟာ ကျန်းမာရေးကြောင့်ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၁၇ ရက်မှာ အရီရန်နာဂရန်းဒ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကျန်းမာရေးမကောင်းတဲ့အကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်က သူနိုးလာတဲ့အချိန်မှာ ယခင်ကဖျားနာတာထက် ဆယ်ဆခန့် ပိုမိုဆိုးရွားစွာ ခံစားနေရကြောင်း၊ အစာမျိုချဖို့ပင် အတော်လေးခက်ခဲနေကြောင်းနဲ့ ညမှာပြုလုပ်ဖို့ရာ ရည်ရွယ်ထားတဲ့ ဖျော်ဖြေပွဲကိုလည်း ပြုလုပ်နိုင်ခြင်းမရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အရီရန်နာဂရန်းဒ်က သူ့ရဲ့ဖျားနာမှုအတွက် ရောဂါအမည်ကို လတ်တလောမှာ သိရှိခြင်းမရှိသေးကြောင်း၊ သိရှိပါက ပရိသတ်တွေကို ထုတ်ဖော်ပြောကြားသွားမှာဖြစ်ကြောင်းနဲ့ ဖျော်ဖြေပွဲဖျက်ခဲ့တဲ့အပေါ် သူ့ကိုနားလည်ပေးဖို့ရာ တောင်းဆိုလိုကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ လတ်တလောမှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Sweetener” အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲအစီအစဉ်တွေဟာ လာမယ့် ဒီဇင်ဘာလအတွင်း ပြီးဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကျိုက်လတ်ကလေးစာပေပွဲတော် တက်ရောက်ဖွင့်လှစ်

**ကျိုက်လတ် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်) ကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျိုက်လတ်မြို့နယ်လူရည်ချွန် မောင်ကျော်ဖေဝေယျတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း စုဝေးခန်းမ၌ ကျင်းပရာ အထက(၁)ကျိုက်လတ် ကျောင်းသားကျောင်းသူလေးများက ကလေးစာပေပွဲတော်သီချင်း (Theme Song) သီဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ယနေ့ ကျိုက်လတ်မြို့နယ် ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲရန်၊ စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန်၊ ပညာဗဟုသုတရောလူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုသူများဖြစ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မိမိတို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ၂၆ မြို့နယ်တွင် ကလေးစာပေပွဲတော်များ ဆောင်ရွက်လျက်ရှိရာ ချောင်းသာ၊ ဇလွန်၊ အိမ်မဲ၊ ဓနုဖြူမြို့နယ်လေးမြို့နယ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး မြို့ရွာမကျန် ကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝမ်းသာပီတိဖြစ်ရပါကြောင်း။





ယခုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပပေးရသည့်အတွက် ကလေးများ၏ အနာဂတ်ကို ထုဆစ်ပုံဖော်မှုနှင့် ကလေးများ၏ ပုံရိပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တတ်စွမ်းသရွေ့ တည်ဆောက်အကောင်အထည်ဖော်ပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ကလေးများအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး သို့မှသာ နိုင်ငံ၏ အနာဂတ်တွင် စိတ်အေးချမ်းသာနေနိုင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များအတွက် ရည်ရွယ်ချက်ကောင်းများနှင့် အကောင်အထည်ဖော်ဆောင်ပေးသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်း/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ မိမိရပ်ရွာဒေသကို အကျိုးပြုကြသော ငွေအား၊ လူအား ကူညီဆောင်ရွက်ပေးသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဂုဏ်ပြုငွေများချီးမြှင့်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးစာပေပြပွဲပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုရာ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်း၌ ကြည့်ရှုနေသောကလေးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပေါ်ထွန်းခဲ့သော ထူးချွန်ထင်ရှားသူများအကြောင်း ပြောကြား၍ ၎င်းတို့အား အားကျအတုယူပြီး အနာဂတ်တွင် ထူးချွန်သူများဖြစ်လာအောင် ကလေးများအား စိတ်ဓာတ်မြှင့်တင်အားပေးစကား ပြောကြားသည်။

အဆိုပါကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်၊ မိုးစက်၊ နန်းထိုက်၊ အောင်ဝင်းနိုင်**

# ကျောက်ပန်းတောင်းမြို့တွင် ကြက်သွန်တစ်ပိဿာ ကျပ် ၃၀၀၀ ကျော်အထိ ဈေးမြင့်တက်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ကြက်သွန်တစ်ပိဿာဈေးနှုန်း ကျပ် ၃၀၀၀ ထိမြင့်တက်လာကာ ကြက်သွန်စိုက်ပျိုးပြီး လှောင်ထားသူလက်ထဲ ကြက်သွန်များ မရှိသလောက် ကုန်နေပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့ ချိုကြီး ကြက်သွန်ပွဲရုံမှ ဦးမြင့်ချိုက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုပ္ပားမြောက်ဘက်ခြမ်း စိတ္တိန်း၊ ကမ်းဖြူကျေးရွာ၊ ကျောက်ပန်းတောင်းမြို့ တောင်ဘက်အစွန်ဆုံးရှိ ရေဆုံးကျေးရွာအုပ်စုများသည် ဆောင်းကြက်သွန်အမြောက်အမြား စိုက်ပျိုးသည့် ကျေးရွာများဖြစ်ကြကြောင်း၊ ထွက်ရှိလာသည့်ကြက်သွန်များအား ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ပွဲရုံများသို့ သွားရောက်ရောင်းချကြကြောင်း မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးနေမျိုးထွန်းက ပြောသည်။

ဆောင်းကြက်သွန်ဟု ခေါ်ဆိုသော်လည်း နွေ၊ မိုး၊ ဆောင်း သုံးဥတုလုံးထားရသည့် ကြက်သွန်ဖြစ်ကြောင်း ဆောင်းကြက်သွန်စိုက်ပျိုးရန် ပျိုးထောင်ချိန်ဖြစ်သည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် ကြက်သွန်ပျိုးစေ့များ စတင်ပျိုးထောင်ရကြောင်း၊ ပျိုးထောင်ပြီး လေးဆယ့်ငါးရက်ရှိလျှင် ကြက်သွန်စိုက်ပျိုးမည့် ယာခင်း (စိုက်ခင်း)ထဲသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ တပေါင်းလ၊ တန်ခူးလတို့တွင် ကြက်သွန်များအား နုတ်သိမ်းကြကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ ကြက်သွန်ကိုယ်တိုင်လှောင်ကြသော်လည်း အချိန်ကြာလာသည်နှင့်အမျှ ကြက်သွန်များသည် ဥအခွံများ တဖြည်းဖြည်းကွာလာကာ ကြက်သွန်များ အစိုဓာတ်လျော့နည်းလာပြီး ကြက်သွန်အချိန်လည်း လျော့ကျလာကြောင်း၊ ကြက်သွန်ဈေးတက်ချိန်ဖြစ်သည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် လှောင်ကြက်သွန်များ အချိန်အတော်လျော့ကျသွားပြီဖြစ်ကြောင်း ကြက်သွန်စိုက်ပြီး ကိုယ်တိုင်လှောင်သူ ဦးတင်ထွန်းအောင်က ရှင်းပြသည်။

ကြက်သွန်ဈေးနှုန်း ကောင်းချိန်တွင် စိုက်ပျိုးပြီး ကိုယ်တိုင်လှောင်သူများ လက်ထဲတွင် ကြက်သွန်မရှိကြတော့ဘဲ ကြက်သွန်ကုန်သည် ပွဲစားလက်ထဲ အကုန်နီးပါးရောက်မှသာ ဈေးနှုန်းပိုမိုကြီးမြင့်သွားတတ်ကြောင်းနှင့် ကြက်သွန်စိုက်တောင်သူများ ကြက်သွန်ဈေးနှုန်းကြီးမြင့်မှုရှိသလောက် မခံစားရကြောင်း ဆပ်ပြာကျင်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးဇော်ချင်းက ပြောသည်။

ကြက်သွန်ဈေးနှုန်း ကျပ် ၃၂၀၀ ဈေးရှိသော်လည်း ကိုယ်တိုင်စိုက်ပျိုးသည့် ကြက်သွန်စိုက်တောင်သူများထံတွင် သိုလှောင်ထားသည့် ကြက်သွန်မရှိသလောက် ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ် ကြက်သွန်ဈေးတက်ချိန်ဖြစ်သည့် သီတင်းကျွတ်၊ တန်ဆောင်မုန်း ဈေးအတက်ဆုံးအချိန်တွင်ပင် ကြက်သွန်တစ်ပိဿာ ကျပ် ၁၀၀၀ သာ ရောင်းချခဲ့ရကာ ယခုနှစ်တွင် ကြက်သွန်တစ်ပိဿာ ကျပ် ၃၂၀၀ မှ ၃၅၀၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ယခင်နှစ် လှောင်ကြက်သွန် ကျပ် ၁၀၀၀ ဖြစ်နေချိန် မိုးကြက်သွန်တစ်ပိဿာ ကျပ်



၅၀၀ သာရှိခဲ့ရာမှ ယခုနှစ် ဆောင်းကြက်သွန်တစ်ပိဿာ ကျပ် ၃၂၀၀ မှ ၃၅၀၀ ကျပ်ထိဖြစ်ပြီး မိုးကြက်သွန်တစ်ပိဿာ (အရပ်အခေါ်) ဥပြန်စိုက် ကြက်သွန်အသစ်တစ်ပိဿာ ကျပ် ၂၀၀၀ ထိ ရရှိခြင်းကြောင့် မိုးကြက်သွန်(ခေါ်) ဥပြန်စိုက်တောင်သူများ တွက်ခြေကိုက်ကြကြောင်း သိရသည်။ ယခုအချိန်ထိ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆောင်းကြက်သွန်(ခေါ်)လှောင်ကြက်သွန်နီများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဝယ်များနေခြင်းကြောင့် ကြက်သွန်ဈေးနှုန်း အတက်ကြမ်းနေခြင်းဖြစ်ကြောင်း ပခုက္ကူမြို့ မြနီလာ ပွဲရုံပိုင်ရှင် ဦးတင်ကိုအောင်က ပြောသည်။

**ကိုထိန်(ငှါသရောက်)**

**❂ ကျောဖုံးမှ**

တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့် ရှုံးကြွေးကို ပြန်ဆပ်ရမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် အုပ်စု (F) ၌ ဂျပန်အသင်းက ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန်အသင်းက ခြောက်မှတ်စီ၊ မွန်ဂိုလီးယားနှင့် မြန်မာအသင်းက သုံးမှတ်စီ ရရှိထားသည်။ မွန်ဂိုလီးယားအသင်းနှင့်ပွဲမှာ မြန်မာအသင်းအတွက် ရှုံးကြွေးပြန်ဆပ်ရန်အပြင် အုပ်စုအောက်ဆုံးမှ ရုန်းထွက်နိုင်ရန်လည်း မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ပထမအကျော့တွင် မွန်ဂိုလီးယား၊ ဂျပန်နှင့် ကာဂျစ္စတန်အသင်းတို့ကို အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးပွဲတွင် တာဂျစ်ကစ္စတန်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပွဲတွင် တိုက်စစ်ရော အသင်းလိုက်ကစားပုံပါ တိုးတက်ကောင်းမွန်လာပြီး ယင်းခြေစွမ်းအတိုင်း ကစားနိုင်ပါက မွန်ဂိုလီးယားအသင်းထံမှလည်း အမှတ်ပြည့်ရယူနိုင်မည်ဖြစ်သည်။

မြန်မာ-မွန်ဂိုလီးယား ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ရှိ Pullman ဟိုတယ်၌ ကျင်းပခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးက ''တာဂျစ်ကစ္စတန်နဲ့ပွဲမှာ ကစားခဲ့တဲ့ ခြေစွမ်းနဲ့ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို အားရကျေနပ်ပါတယ်။ အဲဒီပွဲက အားနည်းချက်တွေကို ပြင်ဆင်ပြီး အကောင်းဆုံးပုံစံနဲ့ ကစားနိုင်အောင် ကြိုးစားနေပါတယ်။ ဒီပွဲက ကျွန်တော်တို့အသင်းအတွက် အရေးပါပါတယ်။ ဒီပွဲမှာ အနိုင်ရခဲ့ရင် ခြေစစ်ပွဲမှာ ပြန်လည်စိန်ခေါ်နိုင်တဲ့ အနေအထားမျိုးရသွားပါလိမ့်မယ်။ တာဂျစ်ကစ္စတန်ကို အနိုင်ရခဲ့တဲ့ပွဲအပြီးမှာ ကစားသမားတွေအနေနဲ့ ယုံကြည်မှုရှိသွားခဲ့သလို ဒီပွဲမှာလည်း အနိုင်သုံးမှတ်ရအောင် ကြိုးစားသွားမှာပါ။ ပရိသတ်တွေအနေနဲ့ တာဂျစ်ကစ္စတန်နဲ့ပွဲထက် ပိုပြီးအားပေးမယ်လို့ မျှော်လင့်ပါတယ်။ မွန်ဂိုလီးယားအသင်းကို ရှုံးကြွေးပြန်ဆပ်သွားမှာပါ''ဟု ပြောကြားသည်။ အန်တွမ်နီဟေးသည် မြန်မာအသင်းကို ဒုတိယအကြိမ်ကိုင်တွယ်ခြင်းဖြစ်ပြီး ပထမဆုံးပွဲမှာပင် မြန်မာအသင်းကို ပထမဆုံးနိုင်ပွဲ ရယူနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ မွန်ဂိုလီးယားအသင်းနည်းပြချုပ် မိုက်ကယ်ဝက်ဘ်က ''မြန်မာအသင်းက ပထမအကျော့ထက် ကစားပုံပိုကောင်းလာပါတယ်။ မြန်မာနိုင်ငံမှာ လာရောက်ကစားဖူးတဲ့ အတွေ့အကြုံရှိတာကြောင့် စိုးရိမ်စိတ်တော့ မရှိပါဘူး။ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ''ဟု ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ မိုက်ကယ်ဝက်ဘ်သည် မွန်ဂိုလီးယားအသင်း မတိုင်မီက ဖိလစ်ပိုင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက်(၉၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း–ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈–၁၁–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမို**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက်(၉၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း–ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈–၁၁–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း/အမှုထမ်းများ**
**ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက်(၉၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း–ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈–၁၁–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ထူး**
**ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

## ဦးကိုကိုကြီး(ခ)စမူဒီအမ်ဒေးဗစ်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၁)ရပ်ကွက်၊ ပြည်ကြီးမဏ္ဍိုင်လမ်း၊ အမှတ်(၉၇၇)နေ ဒေါ်ထရီဇာကြည်တင်၏ ခင်ပွန်း၊ [ဦးအောင်ကြည်(ခ)Stephen Aung Kyi David (ညွှန်ကြားရေးမှူး–ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)]–ဒေါ်ရီရီဝင်း (ရုံးအုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ဖခင်၊ မရည်ရွယ်ချမ်းမြေ့ကြည်၊ တတိယတန်း(ငဝ)၊ အထက(၁)ဒဂုံ၏အဘိုး ဦးကိုကိုကြီး(ခ)စမူဒီအမ်ဒေးဗစ် (ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန–ငြိမ်း)သည် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉–၁၁–၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၁၁–၂၀၁၉ (စနေနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိုးညွန့် (ပုသိမ်)**

**အသက် (၇၂)နှစ်**

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**

ပုသိမ်မြို့၊ အမှတ်(၇၁၂)၊ ဗိုလ်ဘဌေးလမ်းနေ (ဦးမြမောင်–ဒေါ်လှခင်)တို့၏ သား၊ (ဒေါ်သိန်းသိန်း)၏ ခင်ပွန်း၊ ဦးဇော်မင်းဦး–ဒေါ်ခင်ပပစိုး၊ ကိုသောင်းမြင့်ဦး–(မတင်ပပစိုး)၊ ဗိုလ်ကြီးအောင်အောင်–မမီမီအောင်မြင့်၊ ကိုညီမင်းစိုး၊ (ကိုအောင်ပြည့်စိုး)၊ ကိုအောင်ပိုင်စိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) ည ၇:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁၁–၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံထွေး

**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဥယျာဉ်ကျေးရွာနေ (ဦးအောင်ငြိမ်း–ဒေါ်တင်လှိုင်)တို့၏ သား၊ (ဦးမောင်တင်–ဒေါ်စိန်လှိုင်)တို့၏ သားသမက်၊ (ဦးခင်လှ)–ဒေါ်တင်တင်လှ၊ (ဦးခင်မြ)–ဒေါ်ဝင်းတင့်၊ (ဦးထွန်းမြင့်)–ဒေါ်စိုးချစ်၊ ဦးကျော်သောင်း–ဒေါ်ကြည်ကြည်ဌေးတို့၏ ညီ/မောင်၊ (ဦးဝင်းမြင့်သိန်း–ဒေါ်မြမြကြည်)တို့၏ အစ်ကို၊ ဦးအောင်ကိုကိုသန်း–ဒေါ်ခင်မျိုးဦး၊ ဦးမြင့်ဦး–ဒေါ်ခင်မျိုးထိုက်၊ ဦးဇော်လင်းနိုင်–ဒေါ်ဖြိုးဖြိုးဝေ၊ ဦးမျိုးမင်းခန့်–ဒေါ်ငယ်ငယ်ထွန်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်အေးမြင့်၏ ခင်ပွန်းသည် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁၁–၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၁၁–၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၄)နေ ဦးဇော်လင်းနိုင်–ဒေါ်ဖြိုးဖြိုးဝေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက် (၉၂)နှစ်**

**(အောင်သုခယောဂီ)**

**(B.C.S ပ–၁၆၁၈)**

**ဒု–ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြူနီစပါယ်**

မင်းကင်းမြို့နေ (ဦးသာဇံ–ဒေါ်အို)တို့၏ သား၊ အမှတ်(၁၅၇)၊ သုနန္ဒာ (၉)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်ၤန်းကျွန်းနေ ဒေါ်စန်းစန်း၏ ခင်ပွန်း၊ ဦးကိုကိုအောင်–ဒေါ်ခင်သီတာ (အေးချမ်းမွန်ရတနာ)၊ ဦးလင်းထွန်းမြင့် (DSA–19, Intake)–ဒေါ်ခင်ဆွေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း–ဒေါ်နီနီအောင်၊ Chief Mate ဦးမြင့်လှိုင်–ဒေါ်မြသွေးနွယ်၊ ဦးဝင်းဗိုလ် (84 Geology)–ဒေါ်တင်ဥမ္မာ (ခေတ္တ–စင်ကာပူ)၊ ဒေါ်နီလေးလွင်၊ ဦးဇော်မင်း–Dr. မြသူဇာတို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈–၁၁–၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခတ်ပုံ ဦးဖေသန်း (မတ်ထရို)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ ဘိုကလေးဈေးလမ်းနေ (ဦးလောင်အီကြိုင်–ဒေါ်ချစ်)တို့၏ သား၊ (ဦးလီရိုဂန်း–ဒေါ်ချင်ရှိဂန်း)တို့၏ သားသမက်၊ ဒေါ်ခင်ဝေဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခိုင်မေသန်း၊ ဦးသာအောင်၊ ဦးသာမောင်–ဒေါ်မြမြအေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မမြထက်ထက်နူ၊ မောင်အောင်ကျော်ကျော်သန်းတို့၏ ချစ်လှစွာသောအဘိုး ဦးဖေသန်းသည် ၁၇–၁၁–၂၀၁၉ ရက် နံနက် ၁:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၁၁–၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အမှတ်–၆၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်နှင့် အမှတ်–၁၆၁၊ ၁၆၃၊ လသာလမ်း၊ လသာမြို့နယ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃–၁၁–၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၆၈)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိန်ဝင်း (၈၁)နှစ်**

**B.A, RL**

**တိုင်းတရားသူကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ပူးကမ်းကြီးရွာနေ (ဦးဘကြွယ်–ဒေါ်ရှိန်)တို့၏သား၊ ဒေါ်ချောပို၏ မောင်၊ ရွှေဘိုမြို့နေ (ဦးဖိုးကြံ)–ဒေါ်ခင်ပို (ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း)၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ် (၃၇)၊ ကမာရွတ် ဘူတာရုံလမ်းနေ (ဦးဘအေး–ဒေါ်သီးဖြေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀ မိုင်၊ နဝဒေးလမ်း၊ ခြံအမှတ် (၈၃/၉၈၃) နေ ဒေါ်တင်ရှိန် (အထက်တန်းပြ–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ထွန်း–Dr. ခင်ခင်ကြီး (ဒု/ညွှန်မှူး၊ ဗဟိုကူးစက်)၊ ဦးရန်ရှင်းဦး (ခေတ္တ–UK)–ဒေါ်အေးအေးဝင်း၊ ဦးခင်ဇော် (Master Mariner, FG) –Dr. သီတာဝင်း (ဒု/ညွှန်မှူး၊ ကလေးကျန်းမာ)တို့၏ ချစ်လှစွာသောဖခင်၊ မဆုကြယ်စင်ဇော်၊ မောင်ဘုန်းမြင့်ဇော်၊ မောင်မြတ်မင်းသန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၈–၁၁–၂၀၁၉(တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် ပူးကမ်းကြီးကျေးရွာရှိ ထိန်ကျောင်း(ခ) ကုက္ကိုစုသုသာန်သို့ ပို့ဆောင်၍ ကွယ်လွန်သူ၏ ဆန္ဒအရ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရက်လည်ဆွမ်းကျွေးအလှူအား ၂၄–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀ မိုင်၊ နဝဒေးလမ်း၊ ခြံအမှတ် (၈၃/၉၈၃)နေအိမ်သို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး

**ဒေါ်လှလှမြင့် (၅၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ လှိုင်ရတနာလမ်း၊ အမှတ် (၂၆၃–က)နေ (ဦးမောင်မောင်–ဒေါ်မြသီ)တို့၏ သမီးကြီး၊ ဦးဘိုနီ–(ဒေါ်အေးရွှေ)တို့၏ သမီးချွေးမ၊ ကိုတင်စိုး၏ ဇနီး၊ မုဒုံမြို့နေ ဦးမောင်သန်း–(ဒေါ်လှသွင်)၊ ဦးသောင်းကြွယ်(အထက်တန်းကျောင်းအုပ်၊ အထက၊ ပချားကလိုဆီဆိုင်)–ဒေါ်မြင့်မြင့်ကြည် (အထက်တန်းပြ၊ အထက–၁၁၊ တောင်ကြီး)တို့၏ တူမ၊ ကိုတင်ဝင်းကျော်–ဒေါ်ချိုချိုစန်း၊ ဦးဇော်မင်းထိုက်–ဒေါ်အေးအေးမွန်တို့၏ အစ်မ၊ ကိုနေစိုးဦး၊ ကိုသူရိန်ဦး–မအေးမင်းကြည်၊ မဆုလေးနန္ဒာ၊ မစောယုနန္ဒာတို့၏မိခင်၊ မောင်သတိုးဦး၊ မကြည်စင်သန့်တို့၏ အဘွားသည် ၁၈–၁၁–၂၀၁၉ (တနင်္လာနေ့) နံနက် ၇:၀၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မူမူစိုး(အုတ်ဖို)

**အသက် (၄၈)နှစ်**

အမှတ် (၃၅/၁၅၆)၊ စက်မှု (၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေနေ ဦးစိုးမြင့်–ဒေါ်ဆိတ်တင်၏ သမီး၊ ဦးအေးကြူ–ဒေါ်စန်းရီတို့၏ သမီးချွေးမ၊ ကျော်ဆန်းထူး၏ ချစ်လှစွာသောဇနီး၊ မကေဇင်သွယ်၊ မစုရတနာတို့၏မိခင်၊ ဦးမြစိုး–ဒေါ်ခင်မေကျော်(ရွှေကမ္ဘာ)၊ ဦးဟန်စိုး–ဒေါ်ခင်ပြုံးတို့၏ ညီမ၊ ကိုဝင်းနိုင်–မခင်မာဝင်း၊ ကိုအောင်ကျော်မိုး–မနှင်းသဇင်တို့၏ အစ်မ၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ခင်မူမူစိုးသည် ၁၈–၁၁–၂၀၁၉ ရက် နံနက် ၈:၁၅ နာရီတွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ ရက် မွန်းလွဲ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သံတွဲခရိုင်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**စည်သူဒေါ်ကြန် (သံတွဲ)**

**အမျိုးသားစာပေတစ်သက်တာဆုရ**
**ထွန်းဖောင်ဒေးရှင်းစာပေတစ်သက်တာဆုရ**
**အမျိုးသားစာပေ(၅)ဆုရှင်**
**မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်**
**သံတွဲခရိုင်အသင်း (ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး**

**အသက် (၁၀၂) နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးကျော်ထွန်း–ဒေါ်ငွေနှစ်)တို့၏ သမီးကြီး၊ (ဦးသာထွန်းအောင်)၊ (ဒေါ်သန်း)၊ (ဦးထွန်းလှအောင်–ဒေါ်အေးအေးမြင့်)တို့၏ အစ်မကြီးသည် ၁၆–၁၁–၂၀၁၉ ရက်(စနေနေ့) ည ၈ နာရီတွင် တိုက်အမှတ်(၅)၊ အခန်း (၂၀၂)၊ ရတနာမွန်လမ်းမကြီး၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဖေယျကျော်ထင် ဗိုလ်ချုပ်စန်းအောင်(ငြိမ်း)**

**ကြည်–၉၆၉၀၊ DSA(6)**

**အသက်(၈၁)နှစ်**

ဆေးတက္ကသိုလ်(၁)၊ (Department of Endocrinology)မှ ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်၏ဖခင် ဗိုလ်ချုပ်စန်းအောင် အသက်(၈၁)နှစ်သည် ၁၆–၁၁–၂၀၁၉ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ရဲမှူးကြီးမြင့်စိုး(ငြိမ်း) ပြည်မြို့**

**အသက်(၆၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အမှတ်–ဝ/၇/၈ ရွှေသရဖူလမ်းသွယ်နေ ဒေါ်နန်းခင်ညွန့်နွယ်၏ခင်ပွန်း၊ ဦးစိုးရန်နိုင်စိုး–ဒေါ်ခင်စန္ဒာဝင်း၊ မနန်းသဥ္ဇာစိုး၊ ဒေါက်တာစိုင်းအောင်နိုင်စိုး–မနီလာဝင်းတို့၏ဖခင်၊ မဇွန်သက်နိုး၏အဘိုးသည် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁၁–၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဦးစူစိန်တွီး(ခ)**
**ဦးမောင်ရွှေ**

**အသက် (၈၀)**

**မြိတ်**

မြိတ်မြို့နေ [ဦးစူကြိုက်အင် (မော်တော်ဘုတ်)–ဒေါ်ကင်း]တို့၏ သားကြီး၊ ထားဝယ်မြို့နေ (ဦးတိုးမောင်)–ဒေါ်ကျင် (ဖြူဖြူဝင်း ခတ်ပုံတိုက်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၉၁)၊ မြေညီထပ်၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ကင်းလိန်၏ ခင်ပွန်း၊ မခင်မျိုးသန့်၊ မောင်ဇွန်မင်းသန့်တို့၏ဖခင် ဦးစူစိန်တွီး(ခ)ဦးမောင်ရွှေသည် ၁၈–၁၁–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်ဝင်းစိန် (၈၈)နှစ်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ အမှတ်(၃/၄၅၆)၊ ဗိုလ်တေဇလမ်းနေ (ဦးစိန်ကင်း)၏ ဇနီး၊ ဦးစောစိန်ဝင်း၊ ဦးစိန်လင်း–ဒေါ်ကျူးမား၊ ဦးအောင်ကြီး–ဒေါ်မာလု၊ ဦးစောလွင်–ဒေါ်မြသင်းကြည်၊ ဦးစောဦး–ဒေါ်ခင်နှင်းသက်၊ ဦးရွှေသန်း–ဒေါ်စောယုမေ(ခ)ဒေါ်တရုတ်မ၊ ဦးစောနိုင်–ဒေါ်ဌေးဌေးမော်၊ (ဦးအေးမောင်–ဒေါ်စောယုရွှေ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွား ဒေါ်ဝင်းစိန်သည် အထက်ပါနေအိမ်၌ ၁၆–၁၁–၂၀၁၉ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁၁–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂–၁၁–၂၀၁၉ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လုံးမေ (ပုသိမ်/ရန်ကုန်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၁၆/က)နေ (ဦးဘိုးကျွေ–ဒေါ်သိန်းလွင်)တို့၏ သမီး၊ မုံရွာမြို့နေ (ဦးခင်–ဒေါ်ကျင်စိန်)တို့၏ သမီးချွေးမ၊ (ဦးမျိုးသန့်(ခ)ဦးငွေအောင်)၏ ဇနီး၊ အမရပူရမြို့နယ်၊တက်လမ်းဆောက်လုပ်ရေးဝင်းနေ ဦးမြင့်ဆွေ–ဒေါ်ဝင်းဗိုလ်တို့၏ အစ်မ၊ ဒေါ်ခင်မေသန်း (အထက–၁ သဃ်ၤန်းကျွန်း၊ ထ/၃ သဃ်ၤန်းကျွန်း၊ ထ/၃ လှိုင်၊ ထ/၃ သန်လျင်၊ ငြိမ်း)၊ ဦးထွန်းထွန်း [ကျောင်းအုပ်ကြီး၊ အထက–၄ တောင်ဥက္ကလာပ၊ ထ/၅ လှိုင်သာယာ၊ အမှတ်–၃ အခြေခံပညာဦးစီးဌာန၊ ထ/ခွဲ ပျဉ်းမကန်(သုံးခွ)၊ ထ/၄ သဃ်ၤန်းကျွန်း၊ ထ/၅ ဒဂုံတောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ လ/၄ သဃ်ၤန်းကျွန်း]တို့၏ မိခင်ကြီး၊ ဒေါ်ခင်လုံးမေသည် ၁၇–၁၁–၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၁၁–၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ထ/၄ တောင်ဥက္ကလာပမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃–၁၁–၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကြေးမုံ ယနေ့ဖတ်စရာ**


အီဂျစ်၌ စူးအက်တူးမြောင်း ဖွင့်လှစ်သည့် နှစ်(၁၅၀)ပြည့် အခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၂

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ဆက်သွယ်မည့် ဂွချောင်းတံတား စတင်တည်ဆောက်

စာမျက်နှာ » ၁၈

ကျောက်ပန်းတောင်းမြို့တွင် ကြက်သွန်တစ်ပိဿာ ကျပ် ၃၀၀၀ ကျော်ထိ ဈေးမြင့်တက်

စာမျက်နှာ » ၂၁




# ပြင်ဦးလွင်မြို့၌ သဘာဝပန်းများဖြင့် ပန်းအလှဆင်ပွဲတော် ကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၈**

ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာခြံတွင် ပန်းအစစ်များကို အသုံးပြု၍ ပန်းအလှဆင်ပွဲတော်ကို ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၁၈ ရက်မှ ဇန်နဝါရီ ၁၈ ရက်အထိ တစ်လကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းပွဲတော်ကို လာရောက်အပန်းဖြေသူများ စိတ်ကြည်လင်အေးချမ်းမှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ဒေသပန်းမျိုးရင်း ၃၀ ဝန်းကျင်နှင့် ထိုင်းနိုင်ငံမှတင်သွင်းလာသည့် ပန်းမျိုးစိတ် ၃၀ တို့ပါဝင်သည့် စုစုပေါင်း အပင်ရေလေးသိန်းခန့်ဖြင့် အလှဆင်ပြသသွားမည်ဖြစ်ပြီး ပြည်တွင်းပန်းအလှဆင်ပညာရှင်များ တီထွင်ဖန်တီးထားသည့် ပန်းရေတံခွန်၊ ပန်းလှည်း၊ အသည်းပုံပန်းပွင့်ပန်းခင်းများ စသည်တို့ကိုလည်း အလှဆင်ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

''သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းတဲ့အနေနဲ့ ဒီဇင်ဘာခြံထဲမှာရှိတဲ့ အဆောက်အအုံတွေကို ဆောက်လုပ်တာကအစ သစ်၊ သက်ငယ်၊ ဝါးတွေနဲ့ ဆောက်လုပ်ထားတယ်။ သဘာဝအတိုင်း

**စာမျက်နှာ ၁၈ ကော်လံ ၃ သို့** ❖

# မွန်ဂိုလီးယားအသင်းကို ရှုံးကြွေးပြန်ဆပ်ရမည့် မြန်မာအသင်း



တာဂျစ်ကစ္စတန်အသင်းနှင့်ပွဲတွင် ဂိုးသွင်းအပြီး အောင်ပွဲခံနေသည့် မြန်မာကစားသမားများ။

**မန္တလေး နိုဝင်ဘာ ၁၈**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ် (၆) ကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပထမအကျော့ အရေးနိမ့်ထားသည့် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှုံးကြွေးပြန်ဆပ်ရမည်**

မြန်မာအသင်းနှင့် မွန်ဂိုလီးယားအသင်းတို့သည် နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း စတင်ကစားခဲ့ရပြီး အဝေးကွင်း၌

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ✪

## MFF ယူ-၁၄ ပြိုင်ပွဲ တတိယနေ့တွင် ရှမ်းအရှေ့၊ ကယား၊ ရှမ်းတောင်နှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၈**

MFF 100 Plus Cup Boy's U–14 တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းအရှေ့၊ကယား၊ ရှမ်းတောင်နှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

နံနက်ပိုင်းကျင်းပသည့်ပွဲတွင် ရှမ်းတောင်အသင်းက ပဲခူးအသင်းကို သုံးဂိုး–ဂိုးမရှိ၊ ဧရာဝတီအသင်းက နေပြည်တော်အသင်းကို လေးဂိုး–တစ်ဂိုး၊ ညနေပိုင်းကျင်းပသည့်ပွဲများတွင် ရှမ်းအရှေ့အသင်းက မကွေးအသင်းကို သုံးဂိုး–နှစ်ဂိုး၊ ကယားအသင်းက ရှမ်းမြောက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေး**

ပြိုင်ပွဲစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် တနင်္သာရီအသင်းနှင့် ရခိုင်အသင်း၊ ကရင်အသင်းနှင့် စစ်ကိုင်းအသင်း၊ ညနေ ၄ နာရီတွင် မွန်အသင်းနှင့် ချင်းအသင်း၊ ရန်ကုန်အသင်းနှင့် ကချင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို မျိုးဆက်သစ်ကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်ရေး ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**